ICNL

WWW.ICNL.ORG
info@icnl.org

အစီရင်ခံစာ

# အရပ်ဘက်ကဏ္ဍတွင် လုပ်ခတ်ခဲ့သည့် နောက်ဆက်တွဲလျှင်

အရပ်ဘက်အဖွဲ့အစည်းများကို ကန့်သတ်ခြင်းက မြန်မာနိုင်ငံ၏ လျှင်တုံ့ပြန်ရေးအား မည်သို့ အဟန့်အတား ဖြစ်စေခဲ့ကြောင်း လေ့လာချက်။

OLIVER SPENCER ၊ စက်တင်ဘာလ၊၂၀၂၅ ခုနှစ်။

INTERNATIONAL CENTER
FOR NOT-FOR-PROFIT LAW

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# အစီရင်ခံစာအကျဉ်းချုပ်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သော အဖျက်စွမ်းအားကြီးမားသည့် ငလျင်သည် နိုင်ငံ၏ အန္တရာယ်ရှိသောတုံ့ပြန်မှုနှင့် ပေါင်းစပ်လိုက်သည့်အခါ ပိုမိုဆိုးရွားသည့် လူမှုဒုက္ခများ ဖြစ်ပေါ်စေခဲ့သည်။ ဤအစီရင်ခံစာအရ စစ်တပ်၏ ငလျင်ဘေးအန္တရာယ်ကျရောက်ပြီးသည့်နောက်ပိုင်း လုပ်ဆောင်ချက်များသည် အရပ်ဘက်လွတ်လပ်ခွင့်များကို စနစ်တကျဖိနှိပ်မှုဆီသို့ ဦးတည်သွားခဲ့ကြောင်း တွေ့ရှိရသည်။ စစ်တပ်သည် ရှိနှင့်ပြီးသား ၎င်းတို့၏ အရပ်ဘက်အဖွဲ့အစည်းများအပေါ်ကြိုတင်ကန့်သတ်မှုများကို အရှိန်မြှင့်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို အခွင့်ကောင်းယူခဲ့ပြီး၊ နိုင်ငံတကာဥပဒေဖြင့် ကာကွယ်ထားသည့် အခြေခံလူ့အခွင့်အရေးများကို အသက်ဆုံးရှုံးမှုများဖြစ်စေသည်အထိ ချိုးဖောက်ခဲ့သည်။ ဤဗျူဟာကို လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်းများ ပြန်လည်ပေါ်ပေါက်လာခြင်းအား တားဆီးရန်နှင့် တစ်ချိန်တည်းမှာပင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို စစ်တပ်၏ အကျိုးစီးပွားအတွက် ဦးတည်အသုံးချရန် လုပ်ဆောင်ခဲ့သည်။

## အဓိကလေ့လာတွေ့ရှိချက်များ

- စစ်တပ်သည် မှတ်ပုံမတင်ထားသည့် အသင်းအဖွဲ့များကို ရာဇဝတ်မှုမြောက်စေသော အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (၂၀၂၂) ကို အသုံးပြု၍ အရပ်ဘက်အဖွဲ့အစည်းများအတွက် အန္တရာယ်ရှိသည့် ဥပဒေရေးရာ ပတ်ဝန်းကျင်ကို ဖန်တီးခဲ့သည်။ ငလျင်လှုပ်ပြီးနောက်တွင် စစ်တပ်သည် ရှိရင်းစွဲ ကန့်သတ်ချက်များအပြင် အရေးပေါ်အကူအညီအားလုံးအတွက် စိတ်ထင်သလို ခွင့်ပြုချက်ပေးသည့် စနစ်တစ်ရပ်ကို ထပ်မံချမှတ်ခဲ့ပြီး လွတ်လပ်သော ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျ ပိတ်ဆို့ကာ ကိုယ်ကျိုးအတွက် အသုံးချခဲ့သည့် တိုက်ရိုက်ထိန်းချုပ်မှုစနစ်ကို ပြဋ္ဌာန်းခဲ့သည်။

- ထိခိုက်ခံစားရသော ပြည်သူများထံ အရပ်ဘက်အဖွဲ့အစည်းများ ဝင်ရောက်ကူညီခွင့်ကို စစ်ဆေးရေးဂိတ်များ၊ တင်းကျပ်သော ခရီးသွားလာခွင့် ပါမစ်များနှင့် ညမထွက်ရအမိန့်များဖြင့် စနစ်တကျ ပိတ်ဆို့ခဲ့ပြီး၊ အချိန်မီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တားဆီးကာ၊ လူသားချင်းစာနာမှု အကူအညီများကို စစ်တပ်၏ ဌာနဆိုင်ရာအဖွဲ့များထံ လမ်းကြောင်းပြောင်းခဲ့သည်။

- စစ်တပ်သည် ဒစ်ဂျစ်တယ် ဆက်သွယ်ရေးများကို ထိန်းချုပ်ရန် ကြိုးပမ်းခြင်း၊ လွတ်လပ်သော မီဒီယာကို ပိတ်ပင်ခြင်း၊ သတင်းသမားများကို ဖိနှိပ်ခြင်းတို့ဖြင့် သတင်းအမှောင်ချမှုကို

လုပ်ဆောင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ၎င်းတို့၏ကိုယ်ပိုင် စည်းရုံးလှုံ့ဆော်မှုများမှတစ်ဆင့် အဖြစ်အပျက်များနှင့် ပတ်သတ်ပြီး အများပြောဆိုကြသည့် အကြောင်းအရာကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သည်။

- အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို အကြမ်းဖက်မှု၊ မတရား ဖမ်းဆီးမှုနှင့် တင်းကျပ်သော ဥပဒေများအောက်တွင် နိုင်ငံရေးအခြေပြု စွဲချက်များဖြင့် ပစ်မှတ် ထားခံခဲ့ရရာ လွတ်လပ်သော ကယ်ဆယ်ရေးလုပ်ငန်းများကို ထိခိုက်စေသည့် ကြောက်စိတ်ဖြင့် ဖုံးလွှမ်းသော ပတ်ဝန်းကျင်အခြေအနေကို ဖန်တီးခဲ့သည်။

- ပြင်းထန်သော ဖိနှိပ်မှုများကြားမှပင် မှတ်ပုံတင်ဖွဲ့စည်းထားခြင်းမရှိသည့် ဒေသတွင်း အရပ်ဘက် အဖွဲ့အစည်းများသည် အချင်းချင်းစုစည်းကာ လျှို့ဝှက်စွာ လှုပ်ရှားလုပ်ဆောင်ခဲ့ကြပြီး အသက်ကယ်အကူအညီများကို ပေးအပ်နိုင်ခဲ့ကာ ကြံ့ခိုင်သော ခံနိုင်ရည်ရှိမှုကို ပြသခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ရာ၌ စစ်တပ်သည် လူ့အခွင့်အရေးများကို လေးစားလိုက်နာသည့် အရပ်ဘက်အဖွဲ့အစည်းတို့၏ တုံ့ပြန်မှုအတွက် အဓိကအတားအဆီးအဖြစ် ဆက် လက်တည်ရှိနေသည်။ ယင်းအမှန်တကယ် ဖြစ်ပေါ်နေသည့် အခြေအနေသည် နိုင်ငံတကာအသိုက်အဝန်း ၏ ချဉ်းကပ်ပုံအတွက် လမ်းညွှန်ချက် ဖြစ်သင့်သည်။ သက်ဆိုင်ရာပါဝင်ပတ်သတ်သူများသည် လက်ရှိ မြေပြင်တွင် စနစ်တကျပုံသေကားကျပုံစံမျိုးဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်သည့် အရပ်ဘက်အဖွဲ့အစည်း ကွန်ယက်များကို အသိအမှတ်ပြုကာ တိုက်ရိုက် ရန်ပုံငွေထောက်ပံ့ပေးရန် စဉ်းစားသင့်သည်။ ၎င်းအတွက် ပြောင်းလွယ်ပြင်လွယ်ရှိပြီး မြန်ဆန်သော၊ ယုံကြည်မှုအပေါ် အခြေခံသည့် ရန်ပုံငွေထောက်ပံ့မှု ယန္တရား များကို ဖန်တီးရန် လိုအပ်သည်။

တစ်ချိန်တည်းမှာပင် အရပ်ဘက်အဖွဲ့အစည်းများ ဝင်ရောက်ခွင့်ရရှိရေးနှင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေအပါအဝင် အခြားကန့်သတ်ချုပ်ချယ်သည့် ဥပဒေများကို ရုပ်သိမ်းရန် တောင်းဆိုရေး အတွက် ခိုင်ကျည်သော နိုင်ငံတကာဖိအားပေးမှုကို ပြုလုပ်ရမည့်အပြင်၊ အန္တရာယ်ကြီးမားသော ဤပတ်ဝန်းကျင်တွင် လည်ပတ်လုပ်ကိုင်နေသည့် ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ ရေရှည် လုံခြုံရေးနှင့် ခံနိုင်ရည်ရှိမှုတို့၌လည်း ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

# မာတိကာ

နိဒါန်း......5

အကူအညီပေးရေးကို ပစ်မှတ်ထား၍ ဥပဒေကို လက်နက်သဖွယ် အသုံးပြုခြင်း......10

အကူအညီပေးရေးလုပ်ရှားမှုကို ရပ်တန့်စေခြင်း ......24

သတင်းအမှောင်ချမှုနှင့် ဝါဒဖြန့်ချိမှု ......32

လူသားချင်းစာနာမှုအား ရာဇဝတ်မှုမြောက်စေခြင်း......38

ခွဲခြားဆက်ဆံမှုဖြင့် အကျပ်အတည်းများကို ပိုမိုဆိုးရွားစေခြင်း ......46

ခံနိုင်ရည်ရှိမှုနှင့် ပြောင်းလဲရေးအတွက် တောင်းဆိုမှုများ......48

ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားသော အကျပ်အတည်းကို နိဂုံးချုပ်ခြင်း......52

# နိဒါန်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သော အဖျက်စွမ်းအားကြီးမားသည့် ငလျင်သည် ၎င်း၏ သက်ရောက်မှုအတွက် ထူးထူးခြားခြား ပြင်ဆင်ထားခြင်းမရှိသည့် နိုင်ငံတနိုင်ငံအား ထိခိုက်စေခဲ့သည်။[1] မြန်မာနိုင်ငံသည် နိုင်ငံတစ်ခု၏ စွမ်းဆောင်ရည်၊ အရင်းအမြစ်များနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာ ကျွမ်းကျင်မှုတို့နှင့်ပတ်သတ်လျင် အလွန်အကန့်အသတ်ရှိသည့် နိုင်ငံဖြစ်သည်။ ထိုသို့သော အခြေအနေများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခု ဖြစ်ပေါ်လာခြင်းကိုကား ရှောင်လွှဲ၍မရပေ။ သို့သော် ဤအစီရင်ခံစာသည် ငလျင်လှုပ်ပြီးနောက်ပိုင်း ဖြစ်ပေါ်လာသော ထိခိုက်ခံစားရမှုများက နိုင်ငံတော်အဆင့် စွမ်းဆောင်ရည်မရှိခြင်း၏ အကျိုးဆက်တစ်ခုတည်းကြောင့်သာမက၊ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ် (ICCPR) တွင် အခိုင်အမာပြဌာန်းထားသည့် လူ့အခွင့်အရေးများကို ချိုးဖောက်နေသည့် စစ်တပ်၏ လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့် ဖိနှိပ်မှုဆိုင်ရာ အကျပ်အတည်း၏ ရလဒ်ဖြစ်၊ မဖြစ်ကိုပါ လေ့လာစစ်ဆေးသွားမည်ဖြစ်သည်။[2] စာတမ်းပါအပိုင်းတစ်ခုချင်းစီတွင် စစ်တပ်သည် အရပ်ဘက်အဖွဲ့အစည်းများကို ပစ်မှတ်ထားခြင်း၊ အပြန်အတားပြုခြင်းနှင့် ၎င်းတို့၏ ကိုယ်ကျိုးအတွက် ဆွဲသွင်းအသုံးချခြင်းတို့ဖြင့် ဘေးအန္တရာယ်၏ သက်ရောက်မှုကို ပိုမိုဆိုးရွားစေခဲ့ကာ၊ ယင်းတို့၏ လုပ်ဆောင်ချက်များသည် အခြေခံလူ့အခွင့်အရေးများကို စနစ်တကျ မည်သို့ချိုးဖောက်ခဲ့ကြောင်း အကဲဖြတ်ဆန်းစစ်သွားမည်ဖြစ်သည်။

## သုတေသနနည်းနာနှင့် ဝေါဟာရ

ဤအစီရင်ခံစာသည် ဥပဒေမူဘောင်များ၊ မီဒီယာပေါ်မှ သတင်းများနှင့် ထွက်ရှိပြီးသုတေသနအစီရင်ခံစာများအား လူ့အခွင့်အရေးအခြေခံ သုံးသပ်ချက်များ ပြုလုပ်ခဲ့ပြီး၊ ငလျင်ဘေးအတွက် တုံ့ပြန်ဆောင်

[1] ပြင်းအား ၇.၇ ရှိသော ငလျင်သည် မြောက်ဘက်လတ္တီတွဒ် ၂၂.၀၁၁ ဒီဂရီ၊ အရှေ့ဘက်လောင်ဂျီတွဒ် ၉၅.၉၃၆ ဒီဂရီရှိ စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက် မြေအောက် ၁၀ ကီလိုမီတာ အနက်တွင် လှုပ်ခတ်ခဲ့သည်။ အလျားလိုက် ရွေ့လျားသော ပြတ်ရွေ့ကြော၏ ဘေးတစ်ဖက်ခြမ်းသည် ၁.၃ စက္ကန့်အတွင်း ၂.၅ မီတာ ရွေ့လျားခဲ့ရာ၊ ထိုအရှိန်သည် လေယာဉ်တစ်စင်းထက်ပင် ပိုမိုမြန်သည်။ ကိုးကား - Science Daily (2025), "Analysis of the fault motion of the 2025 Myanmar Earthquake"; Kearse, J., Kaneko, Y. (2025) "Curved fault slip captured by CCTV video during the 2025 Mw 7.7 Myanmar earthquake".

[2] ယခုအစီရင်ခံစာသည် ငလျင်၏ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကို အရေအတွက်ဖြင့် တိုင်းတာသော အကဲဖြတ်မှုမဟုတ်ပါ။ သေဆုံးသူအရေအတွက် သို့မဟုတ် ပိုင်ဆိုင်မှုပစ္စည်းပျက်စီးဆုံးရှုံးသည့် အရေအတွက်အချက်အလက်များကို ပေးမည်လည်း မဟုတ်ပေ။ ထို့ပြင် အကျပ်အတည်းကို စီမံခန့်ခွဲရာတွင် မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်း၏ မွေးရာပါ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း လည်းမဟုတ်ပါ။

ရွက်သည့် အရပ်ဘက်အဖွဲ့အစည်းမှဦးဆောင်သူများအား ၂၀၂၅ ခုနှစ်၊ မေလမှ ဇူလိုင်လအတွင်း ချိတ်ဆက်မေးမြန်းခဲ့သော အင်တာဗျူးများဖြင့် ပေါင်းစပ်ကာ သုတေသနလေ့လာမှုပြုထားပါသည်။ [3] မြန်မာနိုင်ငံ၏ ရှုပ်ထွေးသော နိုင်ငံရေး အခြေအနေကြောင့် ဤအစီရင်ခံစာသည် အဓိကသက်ဆိုင်သူများကို ရည်ညွှန်းရာတွင် ယေဘုယျအသုံးအနှုန်းများကို အသုံးပြုထားသည်။ "စစ်တပ်" သည် အာဏာသိမ်းပြီးနောက် ဖန်တီးခဲ့သော တရားမဝင်ထိန်းချုပ်မှု အထက်အောက်အဆင့်အားလုံးကို ရည်ညွှန်းပြီး၊ ထိပ်ဆုံးမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ အဆင့်မြင့် စစ်ဘက်အရာရှိများနှင့် ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ အရပ်ဘက်အုပ်ချုပ်ရေးမှသည် လမ်းပေါ်ရှိ စစ်သားများအထိ ပါဝင်သည်။ "အတိုက်အခံများ" သည် စစ်အုပ်ချုပ်ရေးကို အဆုံးသတ်ရန် လှုံ့ဆော်နေသော နိုင်ငံရေးနှင့် လက်နက်ကိုင်အဖွဲ့အစည်း အများအပြားကို လွှမ်းခြုံထားသည်။ "အရပ်ဘက်အဖွဲ့အစည်း" ဟူသည့် ဝေါဟာရကို လက်ရှိပတ်ဝန်းကျင်၌ အရပ်ဘက်လုပ်ငန်းများတွင် ပါဝင်နေသည့် စနစ်တကျပုံသေကားကျအဖွဲ့အစည်းများနှင့် ပုံသေကားကျမဟုတ်သည့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများအားလုံး၏ ကျယ်ပြန့်သော ပုံစံသဏ္ဍာန်အမျိုးမျိုးကို ထည့်သွင်းခေါ်ဝေါ် အသုံးပြုထားသည်။[4]

[3] ငလျင်တုံ့ပြန်ရေးနှင့် ပတ်သက်၍ မတူညီသော အတွေ့အကြုံများအပေါ် အခြေခံ၍ အင်တာဗျူး ဖြေဆိုသူ အယောက် ၂၀ ကို ရွေးချယ်ခဲ့သည်။ ၎င်းတို့သည် ကျား-မ အရေအတွက် မျှတမှုရှိပြီး၊ ဘေးဒဏ်သင့်ဒေသတွင် အခြေစိုက်သူများ သို့မဟုတ် ထိုနေရာမှ တိမ်းရှောင်လာသူများ ဖြစ်ကြကာ၊ အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်များမှသည် ယာယီစေတနာ့ဝန်ထမ်းများအထိ အရပ်ဘက်လူ့အဖွဲ့အစည်း နောက်ခံအမျိုးမျိုးမှ ကိုယ်စားပြုသူများ ပါဝင်သည်။ ၎င်းတို့တွင် သတင်းထောက်များ၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းများ၊ လူ့အခွင့်အရေးကာကွယ်သူများ၊ ပုဂ္ဂလိကကဏ္ဍမှ လူမှုရေးတာဝန်ခံဝန်ထမ်းများနှင့် အရေးပေါ်ကယ်ဆယ်ရေး စေတနာ့ဝန်ထမ်းများ ပါဝင်သည်။ [ဘာသာပြန်ဆိုသူ၏ ရှင်းလင်းချက် - အင်တာဗျူးဖြေဆိုသူများသည် ကျား-မ အရေအတွက် မျှတသော်လည်း၊ ၎င်းတို့အား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်ခြင်းမရှိသော အမည်မသိ ပုဂ္ဂိုလ်များ အဖြစ်သာ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထို့ကြောင့် ဘာသာပြန်ဆိုသူအနေဖြင့် ၎င်းတို့၏ ကျား-မ ဖြစ်တည်မှုကို ခန့်မှန်းသတ်မှတ်ခြင်းမပြုနိုင်ပါ။ ဤအခြေအနေကြောင့် ဖြေဆိုသူများ၏ စကားပြောမှတ်ချက်များကို ဘာသာပြန်ရာတွင် "*ကျွန်တော်*" သို့မဟုတ် "*ကျွန်တော်တို့*" ကဲ့သို့သော အမျိုးသားနာမ်စားများကိုသာ ရည်ညွှန်းအသုံးပြု ထားပါသည်။]

[4] နိုင်ငံရေးအဖွဲ့များတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ပါဝင်သည်။ လက်နက်ကိုင်အဖွဲ့များတွင် NUG နှင့် များသောအားဖြင့် သဘောထားတူညီသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) တို့ ပါဝင်သည်။ အတိုက်အခံအဖွဲ့အားလုံးသည် စစ်တပ်၏ နိုင်ငံတစ်ဝန်း ထိန်းချုပ်မှုကို အဆုံးသတ်လိုကြပြီး၊ အချို့ကမူ ပျက်ပြားသွားခဲ့သည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသို့ ပြန်သွားရန် ဆန္ဒရှိကြသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းအတွက် တကမ္ဘာလုံးအတိုင်းအတာသဘောတူညီထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသော်လည်း၊ သတ်မှတ်သည့် ဝိသေသလက္ခဏာများနှင့် သက်ဆိုင်ရာ အခွင့်အရေးများတော့ ရှိသည်။ ကိုးကားရန် - ICNL (2004) , "Comment: Defining Civil Society"; ICNL (2004), "Defining Characteristics of Civil Society"; ICNL (2023), "Relevant Sources of Law on Article 22 ICCPR: Right to Freedom of Association".

## ငလျင်၏ နောက်ခံအခြေအနေ

ငလျင်သည် မြန်မာနိုင်ငံအလယ်ပိုင်း၊ အထူးသဖြင့် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့ပြီး လူပေါင်းထောင်နှင့်ချီ၍ သေဆုံးစေခဲ့ကာ အရေးပေါ် အကူအညီ လိုအပ်နေသူဦးရေ သန်းနှင့်ချီ ပိုမိုတိုးပွားစေခဲ့သည်။ [5] ၎င်းသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကြောင့် အကျပ်အတည်းဖြစ်နေခဲ့ပြီးသား နိုင်ငံတစ်နိုင်ငံကို ထိခိုက်ခဲ့ခြင်းဖြစ်ပြီး၊ စစ်အစိုးရသည် တရားမဝင်ဟု ကျယ်ပြန့်စွာ ရှုမြင်ခံထားရသည့် ရွေးကောက်ပွဲများမှတစ်ဆင့် ၎င်း၏အာဏာနှင့် တရားဝင်မှုကို ပိုမိုခိုင်မာအောင် ကြိုးပမ်းနေသည့် အချိန်နှင့် တိုက်ဆိုင်ခဲ့သည်။[6] စစ်တပ်သည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ၎င်းတို့ လိုအပ်သည့် ငွေကြေးသုံးစွဲမှုအတွက် ကြိုတင်လမ်းကြောင်းပြောင်းထားပြီး ဖြစ်နေသဖြင့် ၎င်းအားနည်းချက်မှာ ပိုမိုဆိုးရွားသွားခဲ့သည်။ [7] ငလျင်ဒဏ်ခံစားရသူ အများစုသည် စစ်တပ်ထိန်းချုပ်မှုအောက်ရှိ ဧရိယာများတွင် နေထိုင်ကြပြီး ထိုနေရာများတွင် စစ်တပ်က တရားဥပဒေစိုးမိုးရေးကို စနစ်တကျ ဖျက်ဆီးခဲ့ကာ အရပ်ဘက် လွတ်လပ်ခွင့်ကို ပြင်းထန်စွာ ကန့်သတ်ခဲ့ပြီးဖြစ်သည်။[8] အင်တာဗျူးတွင် ဖြေဆိုခဲ့သော သတင်းသမားတစ်ဦးက မှတ်ချက်ပြုသည်မှာ *"စစ်တပ်က ချမှတ်ထားတဲ့ ထိန်းချုပ်မှု၊ ကန့်သတ်ချက်တွေနဲ့ အတင်းအကျပ် ဖိအားပေးမှုတွေက နံပါတ်*

---

[5] ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ ငလျင်မလှုပ်မီတွင် လူ ၄.၃ သန်း အကူအညီ လိုအပ်နေခဲ့ရာမှ၊ ငလျင်လှုပ်ပြီးနောက် ၆.၃ သန်းအထိ မြင့်တက်လာခဲ့သည်။ ကမ္ဘာ့ဘဏ်က ဆုံးရှုံးပျက်စီးမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁ ဘီလျံ (GDP ၏ ၁၄%)၊ GDP ၂.၅ % လျော့ကျမှုနှင့် နိုင်ငံအဆင့်ဆင်းရဲမွဲတေမှုနှုန်း ၃၁ % မှ ၃၃.၈ %သို့ တိုးလာမည်ဟု ခန့်မှန်းထားသည်။ ကိုးကား - Asian Development Bank (2025), "ADB Approves $100 Million for Humanitarian Relief and Community Resilience for the People of Myanmar"; World Bank (2025), "Earthquake compounds Myanmar's economic challenges".

[6] ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲသည် ယုံကြည်စိတ်ချရမည် မဟုတ်သော်လည်း၊ ယင်းမှ ပေါ်ပေါက်လာသည့် အမည်ခံ အရပ်သားအစိုးရနှင့် ပြန်လည် ထိတွေ့ဆက်ဆံရန် တရုတ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အိန္ဒိယနှင့် အခြားနိုင်ငံများအတွက် အသုံးဝင်နိုင်သည်။ The Guardian (2025), "Myanmar junta's promise of elections denounced as 'sham' by experts"; International Crisis Group (2025), "Myanmar's Dangerous Drift: Conflict, Elections and Looming Regional Détente".

[7] ၂၀၂၂ ခုနှစ်တွင် အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေး ရန်ပုံငွေမှ ငွေကျပ် ဘီလျံ ၄၀၀ (အမေရိကန်ဒေါ်လာ ၁၈၉ သန်း) ကို အထူးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေသို့ လွှဲပြောင်းခဲ့သည်။ ကိုးကား - Eleven Media (2025), "**နစက**၏ MSME ပြန်လည်မြှင့်တင်ရေးစိတ်ကူး"; The Global New Light of Myanmar (2022), "The government has set up the State economic promotion fund with K400 billion with one more plan to set up the MSME economic development fund: Senior General"; Central European Institute of Asian Studies (2025), "Fault lines of a dictatorship: Myanmar's earthquake disaster".

[8] ဘေးဒဏ်သင့်ဒေသများတွင် စစ်တပ်ထိန်းချုပ်မှုအောက်ရှိ နယ်မြေများ၊ အတိုက်အခံ ထိန်းချုပ်မှုအောက်ရှိနယ်မြေများနှင့် မည်သူမျှ အပြည့်အဝ မထိန်းချုပ်နိုင်သောနယ်မြေများလည်း ပါဝင်သည်။ ဘေးဒဏ်သင့် လူဦးရေ အများစုသည် မန္တလေး၊ စစ်ကိုင်းနှင့် နေပြည်တော် ကဲ့သို့သော စစ်တပ်ထိန်းချုပ်မှုအောက်ရှိ မြို့ကြီးများတွင် နေထိုင်ကြသည်။ UNDP ၏ ခန့်မှန်းချက်အရ ဘေးဒဏ်သင့်ဒေသ၏ ၇၀% သည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ အရပ်ဘက်နယ်ပယ်အား အကဲဖြတ်မှုများအရ အာဏာသိမ်းပြီးနောက်ပိုင်း၌ စစ်တပ်ထိန်းချုပ်ရာဒေသများတွင် လွတ်လပ်သောအသင်းအဖွဲ့အခွင့်အရေးကို လေးစားလိုက်နာမှု လျော့ကျလာသည်ကို တွေ့ရှိရသည်။ ကိုးကား - The Irrawaddy (2025), "An Earthquake and Its Impact on the Political Landscape in Myanmar"; ICNL (2023), "Assessment of Myanmar civic space"; ICNL (2022), "Assessment of Myanmar civic space"; ICNL (2022), "Civic space in Myanmar in the post-coup and pandemic era".

*တစ် စိန်ခေါ်မှုပဲဖြစ်တယ်*" ဟူ၍ဖြစ်သည်။[9] ပြည်သူလူထုသည် အခြေခံလွတ်လပ်ခွင့်များ လုံးဝမရှိဘဲ အမြဲတမ်း "ကြောက်ရွံ့မှုနှင့် စိုးရိမ်ပူပန်မှု" ကို ခံစားနေရသည့် အခြေအနေတွင် နေထိုင်နေရသည်။[10]

အရပ်ဘက်လွတ်လပ်ခွင့်ကို ကန့်သတ်ထားသည့် စစ်အစိုးရအောက်တွင် မြန်မာနိုင်ငံကို သဘာဝဘေး အန္တရာယ် ကျရောက်ခြင်းသည် ယခုအကြိမ်က ပထမဆုံးအကြိမ် မဟုတ်ပေ။ ၂၀၀၈ ခုနှစ်တွင် ဆိုင်က လုန်းနာဂစ်အပြီး ကြီးမားသည့် အသက်အိုးအိမ်ဆုံးရှုံးမှုသည် စစ်အစိုးရ၏ဖိနှိပ်မှုကြောင့် ဖြစ်ပေါ်လာ သည့် အသက်ဆုံးရှုံးစေသော အကျိုးဆက်များအဖြစ် သတိပေးလိုက်ခြင်းဖြစ်ပြီး၊ ၎င်းတို့သည် ပြည်သူ လူထု၏ လူမှုဘဝအကျိုးစီးပွားထက် ဆက်လက်အာဏာထိန်းချုပ်ထားနိုင်ရေးကိုသာ ဦးစားပေးခဲ့သည့် ၎င်းတို့၏ စိတ်ဆန္ဒကို မီးမောင်းထိုးပြခဲ့ကာ ယင်းအဖြစ်အပျက်တွင် လူပေါင်း ၁၀၀,၀၀၀ ကျော် သေဆုံး စေခဲ့သည်။[11] စစ်တပ်သည် ၂၀၂၅ ခုနှစ် ငလျင်လှုပ်ပြီးနောက် နိုင်ငံတကာအကူအညီကို တောင်းခံသည့် ရှားပါးသော လုပ်ရပ်ကို ပြုလုပ်ခဲ့သော်လည်း၊ လမ်းဖွင့်ပေးသည်ဟု ထင်ရသော ဤအပြုအမူသည် လူသားချင်းစာနာထောက်ထားရေး တုံ့ပြန်မှုအဖြစ် (၎င်းတို့က) သတ်မှတ်ဖော်ပြထားသည့် ပိုမိုနက်ရှိုင်း သော ထိန်းချုပ်မှုပုံစံတစ်ခု၏ မျက်နှာဖုံးဖြစ်နေသလားဆိုသည်ကို ဤအစီရင်ခံစာက လေ့လာစစ်ဆေး သွားမည်ဖြစ်သည်။ [12]

---

9 သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊၂၀၂၅။

10 အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

11 ထိုအချိန်က မီဒီယာအများစုကို ထိန်းချုပ်ထားသော စစ်အစိုးရသည် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ သတိပေးချက် ဒါဇင်ပေါင်းများစွာ လက်ခံရရှိခဲ့သော်လည်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲအတွက် ပြင်ဆင်နေချိန်ဖြစ်သောကြောင့် "မိုးသည်းထန်စွာ ရွာသွန်းမည်" သာ ဖော်ပြခဲ့သည်။ ၎င်းတို့သည် အစောပိုင်းတွင် နိုင်ငံတကာမှ အကူအညီပေးရေး ကမ်းလှမ်းချက်များကို ပယ်ချခဲ့ရာ၊ လူပေါင်း ၁၄၀,၀၀၀ ကျော် သေဆုံးရခြင်း၏ အကြောင်းအရင်းတစ်ရပ် ဖြစ်စေခဲ့သည်။ ကိုးကား - Myanmar Now (2025), "မုန်တိုင်း၊ ငလျင်ဘေးတို့ကို လစ်လျူရှုနိုင်သော စစ်ဗိုလ်ချုပ်များ၏ အာဏာလောဘ"; Human Rights Myanmar (2025), "Military's earthquake response: a crime against humanity?". စစ်တပ်၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပူးတွဲရေးသားပြီး ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ ထောက်ပံ့မှုဖြင့် ထုတ်ပြန်ခဲ့သော တရားဝင် အကဲဖြတ်ချက်တစ်စောင်တွင် စစ်တပ်၏ အပျက်သဘောဆောင်သည့် အခန်းကဏ္ဍကို ခွဲခြမ်းစိတ်ဖြာထားခြင်း မရှိခဲ့ပေ။ ကိုးကား - Tripartite Core Group (2008), "Post-Nargis Joint Assessment"။ ပိုမို ဝေဖန်ပိုင်းခြားထားသော လေ့လာချက်အတွက် ကိုးကား - Human Rights Watch (2009), "The Lessons of Cyclone Nargis".

12 နိုင်ငံတော်မီဒီယာက စစ်တပ်သည် နိုင်ငံတကာမှထောက်ပံ့ကူညီမှုကို တိုက်တွန်းတောင်းခံခဲ့သည်ဟု ဆိုသော်လည်း၊ လေ့လာသူများကမူ ဆိုင်ကလုန်း နာဂစ်နောက်ပိုင်း စစ်တပ်၏ မူဝါဒအရွေ့အား ကွဲပြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပေးခဲ့ကြသည်။ ၎င်းတို့တွင် အတိတ်က ဝေဖန်မှုများမှ သင်ခန်းစာယူခြင်း၊ နိုင်ငံတကာ အသိအမှတ်ပြုသည့် တရားဝင်မှုကို ရှာဖွေခြင်း၊ စစ်တပ်ကို ထောက်ခံသူများအတွက် အလှူငွေများ စုဆောင်းခြင်း၊ သို့မဟုတ် အင်တာနက်ခေတ်တွင် စစ်တပ်အပေါ် လူထုအမြင်ကို စီမံခန့်ခွဲခြင်းတို့ ပါဝင်သည်။ ကိုးကား- The Global New Light of Myanmar (2025), "Value humanitarian aid, rescue efforts of foreign squads"; The Irrawaddy (2025), "An Earthquake and Its Impact on the Political Landscape in Myanmar"; The Irrawaddy (2025), "Inside the Myanmar Junta's Post-Earthquake Theater of Control"; The Interpreter (2025), "Might Myanmar's earthquake be a catalyst for political change?".




## ကျေးဇူးတင်အသိအမှတ်ပြုခြင်း

အမည်မဖော်လိုသော လူ့အခွင့်အရေးကာကွယ်သူတစ်ဦးနှင့် သတင်းထောက် တင်ဇာအောင်တို့၏ သုတေသနပံ့ပိုးမှုများအတွက် အထူးကျေးဇူးတင်ရှိပါသည်။ စစ်တပ်၏ ငလျင်တုံ့ပြန်ပုံအား မှတ်တမ်းတင်ပေးသည့် အရေးပါသော သက်သေထွက်ဆိုချက်များကို စေတနာအလျောက် မျှဝေပေးခဲ့ကြသော အမည်မဖော်လိုသည့် သတင်းသမားများ၊ အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းများ၊ ကယ်ဆယ်ရေးစေတနာ့ဝန်ထမ်းများနှင့် လူ့အခွင့်အရေးကာကွယ်သူများအားလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ မြေပုံကို OpenStreetMap ၏ အခမဲ့ဝန်ဆောင်မှုအား ပြန်လည်အသုံးပြုကာ ပံ့ပိုးထားပါသည်။

**ICNL** INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# အကူအညီပေးရေးကို ပစ်မှတ်ထား၍ ဥပဒေကို လက်နက်သဖွယ် အသုံးပြုခြင်း

ငလျင်အပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကို စစ်တပ်မှ နှောင့်ယှက်ဟန့်တားခြင်းသည် စစ်တပ်၏ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း လွတ်လပ်သော အရပ်ဘက် အဖွဲ့အစည်းများကို ဖျက်ဆီးရေး ဗျူဟာအရ ကြိုတင်ခန့်မှန်းနိုင်သော ရလဒ်ဖြစ်သည်။ စစ်တပ်သည် ဥပဒေများကို အသုံးချ၍ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဆိုင်ရာ အခြေခံအခွင့်အရေးကို ရာဇဝတ်မှုမြောက်စေပြီး၊ အန္တရာယ်ရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခဲ့သည်။ ဤအပိုင်းတွင် စစ်တပ်က ဥပဒေရေးရာ မူဘောင်ကို အသုံးပြု၍ အရပ်ဘက်အဖွဲ့အစည်းများအား မည်သို့ဖိနှိပ်ခဲ့ပုံ၊ လူသားချင်းစာနာထောက်ထားရေး အကူအညီများကို ပုန်းလျှိုးကွယ်လျှိုးဖြစ်စေရန် တွန်းပို့ခဲ့ပုံနှင့် ငလျင်တုံ့ပြန်ရေးဆိုင်ရာ ပျက်ကွက်မှုများအား အရှိန်မြှင့်တင်ခဲ့ပုံတို့ကို ဖော်ပြသွားမည်ဖြစ်သည်။

## ဥပဒေလက်နက်

စစ်တပ်က ဥပဒေကို ဖိနှိပ်ရေးကိရိယာအဖြစ် အသုံးပြုမှု၏ အဓိကအချက်မှာ ပိုမိုလွတ်လပ်သည့် ၂၀၁၄ ခုနှစ် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနေရာတွင် တင်းကျပ်သော ထိန်းချုပ်မှုစနစ်ဖြင့် ၂၀၂၂ ခုနှစ် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ “ဥပဒေ” (“၂၀၂၂ အသင်းအဖွဲ့ဥပဒေ”) ကို အစားထိုးခဲ့ခြင်း ဖြစ်သည်။[13] ၂၀၂၂ အသင်းအဖွဲ့ဥပဒေသည် မှတ်ပုံတင်ခြင်းကို ဆန္ဒအလျောက်ပြုလုပ်နိုင်သည့် စနစ်မှ မဖြစ်မနေ မှတ်ပုံတင်ရမည့်စနစ်သို့ ပြောင်းလဲခြင်းဖြင့် အသင်းအဖွဲ့ လွတ်လပ်ခွင့်အတွက် ပြင်းထန်သော ဆုတ်ယုတ်မှုကို ဖြစ်စေခဲ့သည်။[14] ဤပြောင်းလဲမှုသည် အဖွဲ့အစည်းတစ်ခု တည်ရှိရန် သို့မဟုတ် လည်ပတ်ဆောင်ရွက်ရန် အတွက် မှတ်ပုံတင်ခြင်းသည် ကြိုတင်လိုအပ်ချက် မဖြစ်ရဟု သတ်မှတ်ထားသော နိုင်ငံတကာစံနှုန်းကို ချိုးဖောက်ခြင်းဖြစ်ပြီး၊ ယင်းစံနှုန်းမှာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘော တူစာချုပ် (ICCPR )၏ ပုဒ်မ ၂၂ အရ ကာကွယ်ထားသော အသင်းအဖွဲ့လွတ်လပ်စွာ ဖွဲ့စည်းခွင့်ဆိုင်ရာ အဓိက အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ၂၀၂၂ အသင်းအဖွဲ့ဥပဒေကို အတည်ပြုပြီးသည်နှင့် ၎င်းသည် လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့အမြစ်တွယ်လာနေသည့် နက်ရှိုင်းသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်

---

[13] "ဥပဒေ"ကို ကိုးကားအမှတ်အသားများ (" ") အတွင်း ထည့်သွင်းထားခြင်းသည် ၎င်း၏ တရားဝင်မှု အငြင်းပွားဖွယ်ရာရှိခြင်းကို ဖော်ပြရန်ဖြစ်သည်။ ၂၀၂၂ အသင်းအဖွဲ့"ဥပဒေ" ကို တရားမဝင် စစ်အစိုးရက ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သောကြောင့် ယင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီသည့် ဥပဒေတစ်ရပ်၏ အာဏာမျိုးမရှိဟု ယူဆပါသည်။ ကိုးကား - Free Expression Myanmar (2021), “Statement by Myanmar civil society organisations on the unconstitutionality of new ’laws’”; Lincoln Legal Services (2022), “Registration of Associations Law”.

[14] ICNL (2025), “Myanmar (Burma)”; ICNL (2022), “Myanmar’s new registration law”.

ကြောက်ရွံ့မှုကို ချက်ချင်းဆိုသလို ဖန်တီးခဲ့သည်။ "အာဏာသိမ်းပြီးနောက်ပိုင်းမှာ အဖွဲ့အစည်းအတော်များများ မှတ်ပုံတင်တာ ရပ်သွားတယ်။ ဒါကြောင့် သူတို့ရဲ့ လှုပ်ရှားမှုတွေက လျှောင်မလှုပ်ခင်ကတည်းက လျော့နည်းနေခဲ့တာပါ"ဟု သတင်းထောက်တစ်ဦးက မှတ်ချက်ပြုသည်။ [15]

၂၀၂၂ အသင်းအဖွဲ့ဥပဒေ၏ ပြဋ္ဌာန်းချက်များသည် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့ နှစ်မျိုးလုံးအပါအဝင် လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်းများကို ဆက်လက်ရပ်တည်ရန် မဖြစ်နိုင်အောင် ဖန်တီးခဲ့သည်။ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် ရှုပ်ထွေးပြီး ဈေးကြီးကာ၊ စစ်တပ်ထိန်းချုပ်ထားသည့် ဘုတ်အဖွဲ့အား အယူခံဝင်ခွင့်မရှိဘဲ လျှောက်လွှာများကို ပယ်ချရန် (ဥပဒေအကျိုးကြောင်းအပေါ်တွင် မူတည်မထားသည့်) စိတ်ကြိုက်အသုံးချနိုင်သည့် အာဏာကို ပေးအပ်ထားသည်။ ၂၀၂၂ အသင်းအဖွဲ့ဥပဒေသည် အဖွဲ့အစည်းများကို တိကျရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် *"လူမှုရေးလုပ်ငန်းများ"* တွင်သာ ကန့်သတ်ထားပြီး၊ နိုင်ငံရေး၊ လုံခြုံရေး သို့မဟုတ် စီးပွားရေးကို ထိခိုက်စေသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တားမြစ်ထားသည်။ ဤမရေရာသော အသုံးအနှုန်းသည် နိုင်ငံတော်၏ ပျက်ကွက်မှုများကို မီးမောင်းထိုးပြနေသည့် လိုအပ်ချက်လေ့လာဆန်းစစ်ခြင်းမှသည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုဆိုင်ရာ အစီရင်ခံစာအထိ ထိရောက်သော အရပ်ဘက်အဖွဲ့အစည်းလုပ်ငန်းဆောင်တာများအားလုံးနီးပါးကို တရားမဝင်ဟု သတ်မှတ်နိုင်သည့် သိသာထင်ရှားသော ဥပဒေရေးရာ အန္တရာယ်များကို ဖန်တီးနေသည်။

အရေးကြီးသည်မှာ ၂၀၂၂ အသင်းအဖွဲ့ဥပဒေသည် အဖွဲ့အစည်းများအား အလွန်အကျူးသော ကြီးကြပ်စစ်ဆေးမှုကို ခံယူရန်အပြင် ၎င်းတို့၏ ဝန်ထမ်းများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ အရေးကြီးအချက်အလက်များကို ထုတ်ဖော်တင်ပြရန် အတင်းအကျပ် ဖိအားပေးထားသည်။ *"မှတ်ပုံတင်လိုက်ရင် သူတို့ရဲ့ အချက်အလက်အားလုံးကို စစ်တပ်ဆီ အပ်ရမှာဖြစ်တဲ့အတွက် အဖွဲ့အစည်းအများအပြားက စစ်တပ်နဲ့ ပြန်ပြီး မှတ်ပုံမတင်ချင်ကြဘူး"* ဟူ၍ ၎င်းအချက်သည် ဥပဒေကို မလိုက်နာရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဖြေဆိုသူ တစ်ဦးမှ မှတ်ချက်ပေးခဲ့သည်။[16] ထိခိုက်လွယ်သည့် ကိစ္စရပ်များအား လုပ်ဆောင်နေသော အဖွဲ့အစည်းများအတွက် ဤအချက်အလက်များကို ပေးအပ်ခြင်းသည် စစ်တပ်က ၎င်းတို့နှင့် ၎င်းတို့၏ အဖွဲ့ဝင်များအား ထိုအချက်အလက်များကို အသုံးပြုကာ ခွဲခြားသိမြင်နိုင်စေပြီး ပစ်မှတ်ထားခံရနိုင်သည့် ကြီးမားသော အန္တရာယ်ကို ဖန်တီးနေသည်။ မှတ်ပုံမတင်ထားသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆက်နွယ်သူများအား ထောင်ဒဏ် ငါးနှစ်အထိချမှတ်နိုင်ပြီး၊ ဥပဒေမလိုက်နာပါက ချမှတ်ခံရမည့် ပြစ်ဒဏ်များမှာ ပြင်းထန်လွန်းလှသည်။ ၂၀၂၂ အသင်းအဖွဲ့ဥပဒေသည် ပုံသေကားကျပုံစံဖြင့် ဖွဲ့စည်းထားခြင်းမရှိသည့် စုပေါင်းညီညွတ်မှုကို ရာဇဝတ်မှုမြောက်စေရန်၊ ရပ်ရွာလူထုအချင်းချင်း ပံ့ပိုးကူညီရေး လုပ်ရပ်များကို ပြစ်မှုများအဖြစ် ပြောင်းလဲပစ်ရန်နှင့် အရပ်ဘက်အဖွဲ့အစည်းကို စစ်တပ်၏

15 သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

16 အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။

အကျိုးစီးပွားအဖြစ် အသုံးချရန်၊ သို့မဟုတ်ပါက ရှင်းလင်းဖယ်ရှားပစ်ရန်အတွက် ဖိနှိပ်ရေးကိရိယာအဖြစ် လုပ်ဆောင်ခဲ့သည်။

## လျှို့ဝှက်လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်း

၂၀၂၂ အသင်းအဖွဲ့ဥပဒေနှင့် ကျယ်ပြန့်သော ဖိနှိပ်မှုများ၏ တိုက်ရိုက်အကျိုးဆက်မှာ စနစ်တကျပုံသေကားကျပုံစံဖြင့် ဖွဲ့စည်းထားသော၊ လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ ပြိုလဲသွားခြင်းဖြစ်သည်။ အင်တာဗျူးတွင်ပါဝင်ခဲ့သော အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးမှ "မန္တလေးက အရပ်ဘက်အဖွဲ့အစည်းတွေဟာ အာဏာသိမ်းပြီးကတည်းက တော်တော်များများ ပြိုလဲသွားတာ ထင်ရှားတယ်" ဟူ၍ အတည်ပြုခဲ့သည်။[17] အထူးသဖြင့် လူငယ်ဦးဆောင်သောအဖွဲ့များနှင့် ကျောင်းသားသမဂ္ဂများသည် ပစ်မှတ်ထား ဖိနှိပ်မှုနှင့် အတင်းအကျပ် စစ်မှုထမ်းခိုင်းသည့် ခြိမ်းခြောက်မှုများမှတဆင့် စနစ်တကျ ဖျက်ဆီးခံခဲ့ရသည်။[18] ပဋိပက္ခဒေသများအတွင်းရှိ သို့မဟုတ် အနီးနားရှိ အဖွဲ့အစည်းများသည် စဉ်ဆက်မပြတ်ခြိမ်းခြောက်နေသည့် အန္တရာယ်များကြောင့် မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။[19] ယခင်သဘာဝဘေးအန္တရာယ်များတွင် လုပ်ဆောင်ခဲ့သော ကြီးမားပြီး အခိုင်အမာတည်ထောင်ထားသော အဖွဲ့အစည်းများပင် ပျောက်ကွယ်သွားခဲ့ရသည်။ *"အရင်တုန်းက သဘာဝဘေးတွေမှာ ကူညီခဲ့တဲ့ အဖွဲ့အစည်းတွေ အများအပြားက မလုပ်နိုင်တော့ဘူး။ အရင်က အားကောင်းခဲ့တဲ့ နိုင်ငံတော်အဆင့် ကြက်ခြေနီအသင်းတောင် အာဏာသိမ်းပြီးနောက်ပိုင်းမှာ လုပ်ကိုင်ဆောင်ရွက်နေတာ သိပ်မမြင်ရတော့ဘူး။ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ကုလသမဂ္ဂတောင်မှ အခက်အခဲကြီးကြီးမားမားတွေနဲ့ ရင်ဆိုင်နေရတယ်"* ဟု ဖြေဆိုသူတစ်ဦးမှ ပြောကြားခဲ့သည်။ [20]

တရားဝင် အရပ်ဘက်အဖွဲ့အစည်းအတွက် နေရာသည် အလွန်အမင်း ကျဉ်းမြောင်းသွားခဲ့ပြီး လူသိရှင်ကြား လည်ပတ်နေသည့် အဖွဲ့အစည်းအနည်းငယ်မှာ နာရေးဝန်ဆောင်မှုကဲ့သို့သော အကန့်အသတ်ရှိသည့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နေသော ဘာသာရေးအသင်းအဖွဲ့များ၊ သို့မဟုတ် အခြေခံကျန်းမာရေး သို့မဟုတ် ပညာရေး ဝန်ဆောင်မှုများကို အဓိကထားသည့် ဖွံ့ဖြိုးရေးအဖွဲ့များ ဖြစ်ကြ

---

[17] အရပ်ဘက်အဖွဲ့အစည်း ဝန်းထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[18] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[19] အာဏာသိမ်းပြီးချိန်မှစ၍ စစ်တပ်သည် အတိုက်အခံတော်လှန်ရေးတပ်ဖွဲ့များနှင့် ဆက်နွှယ်သည်ဟု စွပ်စွဲ၍ ကျန်းမာရေးဝန်ထမ်း ၈၇၂ ဦးကျော်ကို ဖမ်းဆီးခဲ့ပြီး၊ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံ အနည်းဆုံး ၂၆၃ ခုကို တိုက်ခိုက်ခဲ့ကာ ကျန်းမာရေးဝန်ထမ်း အနည်းဆုံး ၇၄ ဦးကို သတ်ဖြတ်ခဲ့သည်။ ကိုးကား - Human Rights Watch (2025), "Myanmar: Junta Assault on Health Care Hinders Quake Response".

[20] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ။ .

သည်။[21] ၂၀၂၂ အသင်းအဖွဲ့ဥပဒေအောက်တွင် မှတ်ပုံတင်ထားသည့် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် ဒေသလူထုအသိုက်အဝန်း၏ သံသယကို ရင်ဆိုင်ရသည်။ ၎င်းတို့အား *"စစ်တပ်လက်အောက်ခံများ"* အဖြစ် ရှုမြင်ခံရပြီး၊ လူ့အခွင့်အရေးအခြေခံ လုပ်ငန်းများကို မလုပ်ကိုင်ဘဲ စစ်တပ်နှင့် ဆက်စပ်လုပ်ကိုင်နေသည့် *"စစ်တပ်နောက်ခံအဖွဲ့များ"* အဖြစ် ပယ်ချခံရနိုင်သည်။[22] *"တချို့အဖွဲ့အစည်းတွေက သူတို့ဝန်ဆောင်မှုပေးရတဲ့ အကျိုးခံစားခွင့်ရှိသူ လူထုအတွက် လိုအပ်လို့ မှတ်ပုံတင်တာလို့ အကြောင်းပြကြတယ်။ ဒါပေမဲ့ လူတွေက အကူအညီကို လိုအပ်တာ၊ သီးခြားအဖွဲ့အစည်းတစ်ခုကို လိုအပ်တာ မဟုတ်ဘူး။ အဲဒီအကူအညီကို စစ်တပ်ရဲ့ ထိန်းချုပ်မှုအပြင်ဘက်က အရပ်ဘက်အဖွဲ့အစည်းတွေကနေလည်း ပေးပို့နိုင်ပါတယ်။"* [23]

ဤကန့်သတ်ထားသည့် ဥပဒေရေးရာအခြေအနေသည် အရပ်ဘက်အဖွဲ့အစည်း လုပ်ငန်းအများစုကို မြေအောက်လှုပ်ရှားမှုအဖြစ်သို့ တွန်းပို့ခဲ့ပြီး၊ အသင်းအဖွဲ့ လွတ်လပ်ခွင့်သည် ဥပဒေအရ ကာကွယ်ထားသည့် အခွင့်အရေးတစ်ရပ်မဟုတ်တော့ဘဲ ခုခံတော်လှန်ရေးတစ်ရပ် ဖြစ်လာခဲ့သည်။ *"အဖွဲ့တွေ လှုပ်ရှားနိုင်ရင်တောင်မှ မြေအောက်ကနေ လျှို့ဝှက်လှုပ်ရှားနေရတာမျိုး"* ဟု ဖြေဆိုသူတစ်ဦးက ဆိုသည်။[24] ပါဝင်ဖြေဆိုခဲ့သော အခြား အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးက အတည်ပြုသည်မှာ – *"ပေါ်ပေါ်ထင်ထင် လုပ်လို့မရဘူး၊ အရာအားလုံးကို လျှို့ဝှက်ပြီး လုပ်ရတယ်"* ဟူ၍ဖြစ်သည်။[25] ဤလျှို့ဝှက်လုပ်ဆောင်နေရသော အခြေအနေသည် ၂၀၂၂ အသင်းအဖွဲ့ဥပဒေကို တိုက်ရိုက်တုံ့ပြန်ခြင်းဖြစ်သည်။[26] ဥပဒေအရတရားဝင်မှုမရှိဘဲ လုပ်ဆောင်နေရခြင်းကြောင့် အဖွဲ့များသည် စစ်တပ်မှ သိရှိသွားမည်ကို အမြဲတမ်း ကြောက်ရွံ့နေရသည့်အပြင်၊ ဘဏ်အကောင့်များ ဖွင့်၍မရခြင်း၊ ရုံးခန်းများ မငှားရမ်းနိုင်ခြင်း သို့မဟုတ် တရားဝင် စာချုပ်များ ချုပ်ဆို၍မရခြင်းတို့ကြောင့် ၎င်းတို့၏ လုပ်ငန်းများအား အရှိန်မြှင့်တင်နိုင်စွမ်းကိုလည်း ကြီးလေးစွာ ထိခိုက်စေခဲ့သည်။[27]

---

[21] ဥပမာ - သွေးလှူရှင်အသင်းများ။ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်တစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

[22] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2) တို့နှင့် အင်တာဗျူးများ၊ ၂၀၂၅ခုနှစ်၊ ဇွန်လ။

[23] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။

[24] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[25] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII7)၊ ဇွန်လ၊ ၂၀၂၅။

[26] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်တစ်ဦး (KII6) က ၎င်းတို့၏ အင်တာဗျူးတွင် ငြိမ်းချမ်းသော အပြောင်းအလဲအတွက် လမ်းကြောင်းများ ပိတ်ဆို့သွားကြောင်း ပြတ်သားသော လက္ခဏာတစ်ရပ်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်အချို့သည် အတိုက်အခံအဖွဲ့များနှင့် ပူးပေါင်းခြင်းမှလွဲ၍ အခြားရွေးချယ်စရာမရှိတော့ဟု ခံစားခဲ့ကြရကြောင်း မီးမောင်းထိုးပြခဲ့သည်။

[27] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10) နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း လုပ်သားတစ်ဦး (KII2) တို့၏ အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

## အရေးပေါ်အခြေအနေကို အကြောင်းပြ၍ အာဏာကို ချုပ်ကိုင်ခြင်း

သဘာဝဘေးအန္တရာယ်များအတွင်း အရပ်ဘက်အဖွဲ့အစည်းများသည် ထပ်တိုးဥပဒေကန့်သတ်ချက်များကို ရင်ဆိုင်ရသည်။၂၀၂၂ အသင်းအဖွဲ့ဥပဒေအရ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ("သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေ") အောက်တွင် ကြေညာထားသော "*သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသ*" တွင် အကူအညီမပေးမီ ခွင့်ပြုချက်ကို ရယူရမည်ဟု ပုဒ်မ ၂၈(ဃ)က ပြဋ္ဌာန်းထားသည်။[28] သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ်တွင် အရပ်သားတဝက်အစိုးရက ပြဋ္ဌာန်းခဲ့ပြီး စစ်တပ်ထိန်းချုပ်ထားသော အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ("သဘာဝဘေးကော်မတီ") က ကြီးကြပ်သည်။ [29] ၎င်းတွင် အရပ်ဘက်အဖွဲ့အစည်းများကို ထောင်ဒဏ်တစ်နှစ်အထိချမှတ်ကာ ရာဇဝတ်မှုမြောက်စေနိုင်သည့် တိကျရှင်းလင်းမှုမရှိသော ပြဋ္ဌာန်းချက်များ ပါဝင်သည်။[30] သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေသည် ပုဒ်မ ၃၀(က)အရ အစိုးရ၏ ညွှန်ကြားချက်များကို မလိုက်နာသည့် မည်သူကိုမဆို ၊ ပုဒ်မ ၃၀(ခ)အရ ခွင့်ပြုချက်မရှိဘဲ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာ သို့မဟုတ် အဆောက်အအုံသို့ ဝင်ရောက်သူ၊ သို့မဟုတ် ပုဒ်မ (၂၇)အရ မဟုတ်မမှန်သတင်းလွှင့်သူ မည်သူကိုမဆို ရာဇဝတ်မှုမြောက်စေနိုင်ပြီး၊ သတင်းမှားနှင့်ပတ်သတ်သည့် ဤပြစ်မှုသည် မြန်မာနိုင်ငံရှိ အခြားဥပဒေများတွင်လည်း တွေ့ရှိရတတ်ကာ လွတ်လပ်စွာ ထုတ်ဖော်

[28] ပုဒ်မ ၂၈(ဃ) - "*သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာထားသည့်ဒေသများသို့ အရေးပေါ် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လိုသည့် [မှတ်ပုံတင်ထားသည့်] အသင်းအဖွဲ့သည် ပေးကမ်းလှူဒါန်းမည့်ငွေကြေး၊ ပစ္စည်းအရေအတွက်၊ ပစ္စည်း၏ခန့်မှန်းတန်ဖိုးနှင့် ဆောင်ရွက်မည့်လုပ်ငန်းတို့ကိုဖော်ပြ၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့သို့ ခွင့်ပြုချက် ရယူရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်*"။ ၂၀၂၂ အသင်းအဖွဲ့ဥပဒေက မှတ်ပုံတင်ထားသော အဖွဲ့အစည်းများအား ၎င်းတို့၏ ပုံမှန်လုပ်ငန်းလည်ပတ်ရာ ဒေသပြင်ပရှိ သဘာဝဘေးသင့်ဒေသသို့ သွားရောက်လိုပါက ခွင့်ပြုချက်ရယူရန် လိုအပ်သည်။ ပုဒ်မ ၂၇(ဇ): "*[မှတ်ပုံတင်ထားသော အဖွဲ့အစည်းသည်] သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာထားသည့်ဒေသသို့ အရေးပေါ် အကူအညီပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နယ်မြေကျော်လွန် ဆောင်ရွက်နိုင်ခွင့် [ရှိသည်။]*"

[29] သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီ ("NDM ကော်မတီ") ၏ ဥက္ကဋ္ဌမှာ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖြစ်သည်။ ၎င်းသည် စစ်အစိုးရ၏ အမြင့်ဆုံးအဖွဲ့ဖြစ်သော နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) ၏ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်ပြီး စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကိုယ်စား ဆောင်ရွက်နေသူဖြစ်သည်။ ဗိုလ်ချုပ်ကြီးဟောင်း သိန်းစိန်လက်အောက်ရှိ အမည်ခံအရပ်သားအစိုးရသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ပြီး၊ ၎င်းနောက်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ရွေးကောက်ခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရဖြင့် အစားထိုးခဲ့သည်။

[30] ICNL (2023), "Country summary: Myanmar"

ပြောဆိုခွင့်ကို ကန့်သတ်ရန်နှင့် နိုင်ငံတော်ဝေဖန်မှုများကို အပြစ်ပေးရန် အရပ်ဘက်လူ့အဖွဲ့အစည်းများအား ပစ်မှတ်ထားလေ့ရှိသည်။ [31]

၂၀၂၂ အသင်းအဖွဲ့ဥပဒေရော သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေတွင်ပါ ၎င်းတို့၏ ခွင့်ပြုမိန့်ဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းထားခြင်းမရှိသည့်အပြင်၊ ဥပဒေတစ်ရပ်ချင်းစီအောက်၌ သီးခြား ကွဲပြားသော ခွင့်ပြုချက်လျှောက်ထားရန် လို၊ မလို၊ မည်သူက ခွင့်ပြုမိန့်ပေးရန် အာဏာရှိသည်၊ ခွင့်ပြုချက်က မည်မျှကြာအောင် သက်တမ်းရှိသည်၊ ခွင့်ပြုမိန့်ကို ငြင်းပယ်နိုင်ခြင်းရှိ၊ မရှိ နှင့် ငြင်းပယ်ခဲ့ပါက အယူခံဝင်သည့် လုပ်ငန်းစဉ် ရှိ၊ မရှိ တို့ကိုလည်း ရှင်းလင်းထားခြင်းမရှိပါ။[32] ၂၀၂၂ အသင်းအဖွဲ့ဥပဒေသည် မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများကိုသာ သက်ရောက်ပြီး မှတ်ပုံမတင်ထားသည့် အဖွဲ့အစည်းများကို ပိတ်ပင်ထားသော်လည်း သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေသည် အားလုံးအပေါ် သက်ရောက်သည်။ အရေးပေါ်အခြေအနေများတွင် အရေးပေါ်ကယ်ဆယ်ရေးကို လုပ်ဆောင်နိုင်ရန်အတွက် အကာအကွယ်ပေးထားမှု လုံးဝမရှိပေ။

ငလျင်အပေါ် စစ်တပ်၏ ဥပဒေရေးရာ တုံ့ပြန်မှုသည် အစကတည်းက ဥပဒေအရ ခိုင်မာမှုမရှိခဲ့ပေ။ [33] စစ်တပ်သည် ယခင်အကျပ်အတည်းများတွင် လုပ်ဆောင်ခဲ့ဖူးသော သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဧရိယာအဖြစ် ကြေညာခဲ့ခြင်းကို ယခုငလျင်ဘေးတွင် မပြုလုပ်ခဲ့ပေ။[34] ယင်းအစား စစ်တပ်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် တရားမဝင် ကြေညာခဲ့သော

[31] ပုဒ်မ ၂၇ - *"မည်သူမဆိုအများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက် ဖြင့် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန် သတင်းလွှင့် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် ပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"* ပုဒ်မ ၃၀(က)- *"[မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။] သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန် တမင်ပျက်ကွက်ခြင်း၊"* ပုဒ်မ ၃၀(ခ)- *"[မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။] ဘေးအန္တရာယ်ကျရောက်သည့်နေရာ သို့မဟုတ် အဆောက်အဦအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း။"*
*"မြန်မာ့တရားရုံးများသည် ရည်ရွယ်ချက်ရှိကြောင်း သက်သေမပြနိုင်သည့်တိုင် လူတိုင်းကို ပြစ်ဒဏ်ချမှတ်သည်"* ဟု အရပ်ဘက်လူ့အဖွဲ့အစည်း လုပ်သားတစ်ဦး (KII10) က ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြောကြားခဲ့သည်။
သတင်းမှားထုတ်လွှင့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဥပဒေများစွာတွင် တွေ့ရှိနိုင်ပါသည်။ ကိုးကား - Free Expression Myanmar.

[32] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။

[33] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။

[34] အဆိုပါ အမိန့်ကို စစ်တပ်၏ တရားဝင်ဝက်ဘ်ဆိုဒ်များ၊ Myanmar National Portal ၊ ပြန်ကြားရေးဝန်ကြီးဌာန သို့မဟုတ် နိုင်ငံပိုင်မီဒီယာ ဝက်ဘ်ဆိုဒ်များတွင် ထုတ်ပြန်ခြင်း မရှိခဲ့ပါ။ စစ်တပ်အနေဖြင့် ပွင့်လင်းမြင်သာမှုမရှိဘဲ လုပ်ဆောင်ခြင်းသည်

တစ်နိုင်ငံလုံးရှိ အရေးပေါ်အခြေအနေအပြင် ဘေးသင့်နယ်မြေများအပေါ် ဒေသဆိုင်ရာ အရေးပေါ်အခြေအနေ အသစ်တစ်ခုကို ထပ်မံကြေညာခဲ့သည်။[35] ထို့အပြင် သဘာဝဘေးကော်မတီက ထိုအရေးပေါ်အခြေအနေအသစ်ကို သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအောက်တွင် ကြေညာခဲ့သည်ဟု ရှုပ်ထွေးစွာ ဖော်ပြခဲ့ပြီး၊ ထိုဥပဒေတွင် ယင်းကဲ့သို့ အရေးပေါ်အခြေအနေကြေညာနိုင်သည့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များ မပါဝင်ပေ။[36] ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၄) အရ အရေးပေါ်အခြေအနေအသစ်၏ အတိုင်းအတာနှင့် ကြာချိန်၊ ကန့်သတ်ထားသော သို့မဟုတ် ရပ်ဆိုင်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်

---

ထူးခြားသောအခြေအနေ မဟုတ်သော်လည်း၊ မိုခါဆိုင်ကလုန်းမုန်တိုင်း အတွက် သဘာဝဘေးအန္တရာယ်သင့်ဒေသ အဖြစ်ကြေညာခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လက်မှတ်ရေးထိုးသည့် ကြေညာချက်ကိုမူ ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ကိုးကား - Ministry of Information (2023), "သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာ (ချင်းပြည်နယ်)".

[35] ငလျင်လှုပ်ပြီးနောက်ပိုင်းတွင် စစ်တပ်က သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသအစား အရေးပေါ်အခြေအနေအသစ်ကြေညာထားခြင်းကို ထပ်ခါတလဲလဲ ရည်ညွှန်းပြောဆိုခဲ့သည်။ မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ရှင်းလင်းမှုမရှိဘဲ အချင်းချင်းဆန့်ကျင်နေသည်။ ၂၀၂၁ ခုနှစ် အရေးပေါ်အခြေအနေသည် ထိုအချိန်က တရားမဝင် ဖမ်းဆီးထိန်းသိမ်းခံထားရသော သမ္မတအစား ဒုတိယသမ္မတက ကြေညာခဲ့ခြင်းအပါအဝင် အကြောင်းရင်းများစွာကြောင့် တရားမဝင်ဖြစ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ထိုသို့သောအရေးပေါ်အခြေအနေများကို သက်တမ်းတိုးရန်အတွက် သတ်မှတ်ထားသော နှစ်နှစ် အများဆုံးကာလကိုလည်း ကျော်လွန်နေပြီ ဖြစ်သည်။ ဤအရေးပေါ်အခြေအနေအသစ်သည်လည်း သမ္မတအစား စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ကြေညာခဲ့ခြင်းဖြစ်သည့်အပြင်၊ ၎င်း၏ အရေးပေါ်အခြေအနေကြေညာနိုင်သည့် တစ်ခုတည်းသော အာဏာသည် စစ်အာဏာသိမ်းစဉ်ကတည်းက တရားမဝင်သော လုပ်ရပ်တစ်ခုအပေါ်တွင် အခြေခံထားခြင်း တို့ကြောင့် အလားတူပင် တရားမဝင်ပေ။ ကိုးကား - Office of the Commander-in-Chief of the Defence Services (2025), "Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers remarks on the powerful earthquake"; Office of the Commander-in-Chief of the Defence Services (2025), "ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ပြောကြားချက်"; Office of the Commander-in-Chief of the Defence Services (2025), "Maj-Gen Zaw Min Tun Leader of Information Team of the State Administration Council"; Office of the Commander-in-Chief of the Defence Services (2025), "ပြင်းထန်မြေငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်၊ ဗိုလ်ချုပ် ဇော်မင်းထွန်း၏ပြောကြားချက်"; The Global New Light of Myanmar (2025), "National Disaster Management Committee declares the state of emergency on earthquake"; Myawaddy (2025), "Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses ceremony to honour and bid farewell to Thai emergency rescue team"; Free Expression Myanmar (2021), "Statement by Myanmar civil society organisations on the unconstitutionality of new 'laws'".

[36] *"စစ်တပ်က သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥပဒေအောက်မှာ ဒီအရေးပေါ်အခြေအနေအသစ်ကို ကြေညာခဲ့တာက ဥပဒေလုပ်ငန်းစဉ်ကို လျစ်လျူရှုကြောင်း နောက်ထပ်သက်သေတစ်ခုပါပဲ။ သဘာဝဘေးစီမံခန့်ခွဲရေးဥပဒေမှာ အခုလို အရေးပေါ်အခြေအနေကြေညာနိုင်တဲ့ ပြဋ္ဌာန်းချက်တခုမှ မပါပါဘူး။ အာဏာသိမ်းပြီးတဲ့နောက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြေညာခဲ့တဲ့ အရေးပေါ်အခြေအနေဆိုတာ တရားမဝင် ကြေညာပြီး တရားမဝင် သက်တမ်းတိုးခဲ့တာမှန်ပေမယ့် အနည်းဆုံး ဘယ်ကာလအထိသက်တမ်းရှိတယ်ဆိုပြီး သက်တမ်းကာလတစ်ခုနဲ့ ထုတ်ပြန်ခဲ့တာ။ အခုအရေးပေါ် ကြေညာချက်အသစ်မှာကျ အဲဒီလို အခြေခံလုပ်ထုံးလုပ်နည်းတွေတောင် မပါဘူး"* ဟု လူ့အခွင့်အရေး ကာကွယ်သူတစ်ဦး (KII11) က ဇွန်လ၊ ၂၀၂၅ အင်တာဗျူးတွင် ပြောကြားခဲ့သည်။ ကိုးကား - The Global New Light of Myanmar (2025), "National Disaster Management Committee declares the state of emergency on earthquake".

အရေးများကို အသေးစိတ်ဖော်ပြထားသည့် အမိန့် ထုတ်ပြန်ရန် ဥပဒေလိုအပ်ချက်ရှိသော်လည်း ထုတ်ပြန်ခြင်းမရှိ ပျက်ကွက်ခဲ့သည်အထိ စစ်တပ်၏ ဥပဒေကို လျစ်လျူရှုမှုမှာ ကျယ်ပြန့်လှသည်။ [37]

သို့သော် တိကျရှင်းလင်းမှုမရှိသော ဥပဒေများနှင့် စဉ်ဆက်မပြတ်သော မသေချာမရေရာမှုများအောက်တွင် အသားကျလည်ပတ်နေရသော အရပ်ဘက်အဖွဲ့အစည်းများအတွက် ဤဥပဒေရေးရာ မရေရာမှုသည် လက်ရှိမြေပြင်အကျပ်အတည်းနှင့်ယှဉ်လျှင် ဒုတိယဦးစားပေး စိုးရိမ်ပူပန်မှုသာ ဖြစ်သည်။ သုတေသီတစ်ဦးက မှတ်ချက်ပြုသည်မှာ– *"အရပ်ဘက်အဖွဲ့အစည်းအများစုက စစ်တပ်ရဲ့ လုပ်ရပ်တွေ ဥပဒေနဲ့ ညီ၊ မညီကို သိပ်စိတ်မဝင်စားကြဘူး။ သူတို့က အရေးပေါ်အခြေအနေကို တုံ့ပြန်နေကြရတာဖြစ်တယ်၊ အသက်ရှင်ရပ်တည်ရေးကိုသာ သူတို့ အဓိက အာရုံစိုက်ကြရတယ်"* ဟူ၍ ဖြစ်သည်။ [38] ဤသည်မှာ ဥပဒေအရ ကြောင်းကျိုးဆီလျော်မှုမရှိသည့် အုပ်ချုပ်မှုအောက်တွင် နေထိုင်ရခြင်း၏ ကြိုတင်ခန့်မှန်းနိုင်သော ရလဒ်သာဖြစ်ကြောင်း - *"လူတွေက အမြဲတမ်း မသေချာမရေရာမှုတွေနဲ့ ပြည့်နေတဲ့ အခြေအနေမှာ နေနေရတာ၊ တခုခုဆို စစ်တပ်က ဘာဆက်လုပ်မလဲ၊ ဒါမှမဟုတ် သူတို့ရဲ့ တုံ့ပြန်မှုတွေက ရှေ့နောက် တသမတ်တည်းဖြစ်ပါ့မလားဆိုတာ ဘယ်တော့မှ မသိနိုင်ဘူး။ ကျွန်တော်တို့က ဥပဒေရဲ့စံမှုစံဋ္ဌာန်ကျမှုကို တခါမှ မကြုံခဲ့ရဖူးတာကြောင့် တခြားနိုင်ငံက အရပ်ဘက်အဖွဲ့အစည်းတွေ လုပ်နေကျ ဥပဒေနဲ့အညီ ဖြစ်၊ မဖြစ် ဆန်းစစ်ဖို့လည်း အလေ့အကျင့်မဖြစ်ဘူး"* ဟု ဖြေဆိုသူတစ်ဦးမှ သုံးသပ်ခဲ့သည်။ [39]

ဥပဒေရေးရာ အကျိုးဆက်များသည် အမှန်တကယ်ပင် ပြင်းထန်သည်။ နောက်ထပ် အရေးပေါ်အခြေအနေတစ်ရပ်သည် သင့်လျော်သော ဥပဒေလုပ်ထုံးလုပ်နည်း၊ အသင်းအဖွဲ့ လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်တို့အပါအဝင် အခြေခံအခွင့်အရေးများကို ရပ်ဆိုင်းနိုင်ရန် စစ်တပ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်များ ပိုမိုရရှိသွားခဲ့သည်။

အရေးပေါ်အခြေအနေ ကြေညာသည့် အချိန်တွင် *"ဖြစ်နိုင်ချေရှိသော ကောလာဟလများကို သတိပြုရန်နှင့်၊ အစိုးရဒေသအာဏာပိုင်များနှင့်သာ ပူးပေါင်းဆောင်ရွက်ရန်"* စစ်တပ်၏ အများပြည်သူသို့ သတိပေးထုတ်ပြန်ချက်သည် ကြောက်ရွံ့ထိတ်လန့်စရာ အခြေအနေကို ဖြစ်ပေါ်စေခဲ့ပြီး ဖိနှိပ်မှုဆန်သည့် အရိပ်အယောင်ကို ပြသခဲ့သည်။[40] အရေးပေါ် အခြေအနေကြေညာခြင်းလား၊ သဘာဝဘေးအန္တရာယ်

---

[37] အဆိုပါ အမိန့်ကြေညာချက်ကို စစ်တပ်၏ တရားဝင်ဝက်ဘ်ဆိုဒ်များ၊ Myanmar National Portal ၊ ပြန်ကြားရေးဝန်ကြီးဌာန သို့မဟုတ် နိုင်ငံပိုင်မီဒီယာ ဝက်ဘ်ဆိုဒ်များတွင် ထုတ်ပြန်ခြင်း မရှိခဲ့ပါ။ စစ်တပ်သည် အာဏာသိမ်းပြီးနောက် သက်တမ်းတိုးသည့် ကြေညာချက်[အချို့](#)ကို ထုတ်ပြန်ခဲ့သော်လည်း အားလုံးကို မထုတ်ပြန်ခဲ့ပေ။ ၂၀၂၄ ခုနှစ် သက်တမ်းတိုးမှုအား ကြေညာချက်အစား နိုင်ငံပိုင်မီဒီယာက ထုတ်ပြန်သည့် [သတင်းဆောင်းပါး](#)တွင်သာ ဖော်ပြခဲ့သည်။

[38] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။

[39] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။

[40] သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေတွင် အရေးပေါ်အခြေအနေ ကြေညာနိုင်သည့် ပြဋ္ဌာန်းချက် မပါဝင်ပါ။ ထို *"အရေးပေါ်အခြေအနေ"* ကို စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးများ၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းနှင့် နေပြည်တော်

ကျရောက်သည့် ဧရိယာကို ကြေညာခဲ့ခြင်းလားဆိုသည့်အချက်အပေါ် ပွင့်လင်းမြင်သာမှု မရှိခြင်းက စစ်တပ်သည် ၎င်း၏ အရေးပေါ်အာဏာများကို တရားဝင်မှုရှိသယောင် ဖန်တီးရန်အတွက် သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုနှင့် ရည်ရွယ်ချက်ရှိရှိ ရောယှက်အသုံးချနေသည်ဟူသော သံသယကို ဖြစ်ပေါ်စေသည်။ *"စစ်တပ်က တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေ သက်တမ်းတိုးတာကို ဆင်ခြေပေးဖို့ ငလျင်ကို အခွင့်အရေးအဖြစ် အသုံးပြုခဲ့ပုံရပါတယ်"* ဟု လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးက ကောက်ချက်ချခဲ့သည်။ [41]

## ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိဘဲ စိတ်ထင်သလို ခွင့်ပြုချက်ပေးသည့်စနစ်

ငလျင်လှုပ်ပြီးနောက် ပထမတစ်ပတ်၏ ဝရုန်းသုန်းကားအခြေအနေတွင် *"စစ်တပ်ကိုယ်တိုင် ရှုပ်ထွေးထိတ်လန့်နေခဲ့"*ချိန်၌ အရပ်ဘက်လူ့အဖွဲ့အစည်းများအတွက် စုဖွဲ့ရန်နှင့် အတော်အသင့် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ရန် ခေတ္တမျှ အခွင့်အရေး ပွင့်ခဲ့သည်။[42] သဘာဝအလျောက် အရပ်ဘက်လူထု ဦးဆောင်သည့် တုံ့ပြန်မှုတရပ် ပေါ်ထွက်လာခဲ့ပြီး အဖွဲ့အစည်းအသစ်များနှင့် စနစ်တကျ ပုံသေကားကျဖွဲ့စည်းထားပြီးဖြစ်သော အဖွဲ့အစည်းနှစ်ရပ်လုံးသည် *"စုဝေးဖို့၊ လှုပ်ရှားသွားလာဖို့၊ အလုပ်လုပ်ဖို့နှင့် လွတ်လပ်စွာပြောဆိုဖို့"* စွမ်းဆောင်နိုင်ခဲ့ကြသည်။[43] အရပ်ဘက်အဖွဲ့အစည်း ဝန်ထမ်းတစ်ဦးက ပြောသည်မှာ– *"လူတိုင်းက အရေးပေါ်တုံ့ပြန်မှုမှာ တက်တက်ကြွကြွ ပါဝင်နေကြပြီး စစ်တပ်က ကန့်သတ်ချက်တွေ သိပ်မလုပ်ခဲ့သေးဘူး"*ဟူ၍ ဖြစ်သည်။ [44] စစ်တပ်က *"ထိုင်ပဲကြည့်နေခဲ့တာ"* ဟု

ပြည်ထောင်စုနယ်မြေတို့တွင် ကြေညာခဲ့သည်။ ကိုးကား - The Global New Light of Myanmar (2025), "State of Emergency Declared Under Disaster Management Law"; Myanmar Alinn (2025), "News report on Min Aung Hlaing visiting the earthquake affected areas, 29 March".

[41] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။ *"အရင်စစ်အစိုးရလက်ထက်နဲ့မတူဘဲ၊ လက်ရှိစစ်တပ်က မဟာဗျူဟာမြောက်ဦးဆောင်နိုင်မှုမှာ အားနည်းတယ်။ စစ်သားသေဆုံးမှုနှုန်း မြင့်မားတာရယ်၊ နောက်တန်းကနေ စားနပ်ရိက္ခာအထောက်အပံ့ အလုံအလောက်မရနေတာရယ်၊ စိတ်ဓာတ်ကျဆင်းပြီး ပင်ပန်းနွမ်းနယ်နေကြတော့ စစ်တပ်အတွင်းပိုင်းမှာလဲ သိပ်မကျေနပ်ကြဘူး။ စစ်တပ်ခေါင်းဆောင်ပိုင်းတွေကို ထပ်ခါတလဲလဲ ပြန်ပြင်ဖွဲ့နေတာက အချင်းချင်းမယုံလို့။ ဒါ့ကြောင့် စစ်တပ်က အရေးပေါ်အခြေအနေတွေ ထပ်ခါထပ်ခါ ကြေညာနေရတာကို တရားဝင်အောင် လုပ်ပြဖို့ လိုအပ်နေတာ။ ဒါမှ တိုင်းပြည်က စစ်တပ်ကို မဖြစ်မနေလိုအပ်နေသေးတယ် ဆိုတာ အောက်ခြေစစ်သားတွေကို ပြနိုင်မှာ"* ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

[42] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2) တို့နှင့်အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[43] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII3)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[44] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

နောက်ထပ်ဖြေဆိုသူတစ်ဦးက ပြောပြခဲ့သည်။[45] သို့သော် ဤလှုပ်ရှားသာသည့်နေရာလေးမှာ လျင်မြန်စွာ ပိတ်သွားခဲ့သည်။ စစ်တပ်သည် ရှင်းလင်းသော လုပ်ကိုင်ခွင့်ပြုသည့် မူဘောင်ဖြင့် ထိန်းချုပ်မှုကို ပြန်လည်လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ ကယ်ဆယ်ရေးလုပ်ငန်းများအားလုံးအတွက် *"စိတ်ထင်သလို ခွင့်ပြုချက်ပေးသည့်စနစ်"* တစ်ရပ်ကို ချမှတ်ခြင်းဖြင့် ပြန်လည်ထိန်းချုပ်ခဲ့ခြင်း ဖြစ်သည်။[46]

ဧပြီလ ၃ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်ဖြင့် စတင်ကာ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပသော အဆင့်မြင့် အစည်းအဝေးတစ်ခုအပြီး ပိုမိုတင်းကျပ်လာရာ စစ်တပ်က ၎င်း၏ ရှင်းလင်းသော ခွင့်ပြုချက်မရရှိဘဲ၊ စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုခြင်းမရှိဘဲ မည်သည့်လွတ်လပ်သော အဖွဲ့အစည်းကမျှ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်၍မရနိုင်ကြောင်း ကြေညာခဲ့သည်။[47] ဤခွင့်ပြုမိန့်လိုအပ်ချက်ကို လျင်မြန်စွာ အကောင်အထည်ဖော်ခဲ့ပြီး ငလျင်ဘေးသင့်ဒေသအတွင်း အရပ်ဘက်အဖွဲ့အစည်း၏ အကူအညီစီးဆင်းမှုကို သိသိသာသာ လျှော့ချခဲ့သည်။[48] ၂၀၂၂ အသင်းအဖွဲ့ ဥပဒေအောက်တွင် မှတ်ပုံတင်ထားပြီးသည့် အဖွဲ့များအပါအဝင် အဖွဲ့အားလုံး ခွင့်ပြုချက်လိုအပ်သော်လည်း မှတ်ပုံတင်ထားသည့် အခြေအနေက ခွင့်ပြုချက်ရရှိရန် ပိုမိုလွယ်ကူစေခဲ့သည်။[49] ကုလသမဂ္ဂ အေဂျင်စီများနှင့် ငလျင်ဘေးသင့်ဒေသပြင်ပမှ အလှူငွေများ ကောက်ခံသူများပင် ခွင့်ပြုချက်

---

[45] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။ အစောပိုင်း လေ့လာသူအချို့က စစ်တပ်၏ ပျောက်ကွယ်နေမှုသည် သိသာထင်ရှားနေကြောင်း သုံးသပ်ခဲ့သည်။ ကိုးကား - Foreign Policy (2025), "After Myanmar's Earthquake, Where Is the Military?".

[46] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[47] ဧပြီလ ၃ ရက်နေ့တွင် စစ်တပ်က နိုင်ငံတကာအဖွဲ့အစည်းများအားလုံးသည် *"တရားဝင်လမ်းကြောင်းများမှတဆင့်"* လုပ်ဆောင်ရမည်၊ ကြိုတင်ခွင့်ပြုချက် ရယူရမည်၊ *"လုံခြုံရေးအစီအမံများ"* တောင်းခံရမည် နှင့် နောက်ပိုင်းတွင် *"အစီရင်ခံစာများ"* တင်သွင်းရမည် ဟု ပြောကြားခဲ့သည်။ ဧပြီလ ၅ ရက်နေ့တွင် စစ်တပ်က အဖွဲ့အစည်းအားလုံး ခွင့်ပြုချက် ရယူရန် နှင့် စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ညွှန်ကြားချက်အသစ်တစ်ခုကို ထုတ်ပြန်ကြေညာခဲ့သည်။ မူလက တရားဝင်အဖွဲ့အစည်းများအတွက်သာ သက်ရောက်အကျုံးဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရန်ပုံငွေရှာဖွေသူများအပါအဝင် ပုံသေကားကျဖွဲ့စည်းထူထောင်ထားခြင်းမဟုတ်သည့် အဖွဲ့အစည်းအားလုံး အပေါ် သက်ရောက်မှုရှိစေရန် ကျင့်သုံးခဲ့သည်။ ကိုးကား - The Global New Light of Myanmar (2025), "Govt welcomes all organizations to join quake relief – follow official protocols"; Khit Thit Media (2025), "ငလျင်ဘေးကယ်ဆယ်ရေးလုပ်မည့် မည်သည့်အဖွဲ့မဆို သီးခြားလွတ်လပ်စွာ ရပ်တည်ဆောင်ရွက်ခွင့်မရှိဘဲ ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကာ စစ်ကောင်စီနှင့် ပူးတွဲဆောင်ရွက်မှ ခွင့်ပြုမည်ဟု စိုးဝင်းပြော"; Radio Free Asia (2025), "ငလျင် ကူညီကယ်ဆယ်ရေးအဖွဲ့တွေ ခွင့်ပြုချက်တောင်းခံရမယ်လို့ ဒုစစ်ခေါင်းဆောင်ပြော".

[48] Frontier Myanmar (2025), "New junta rules curb aid to Mandalay quake victims".

[49] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။.

လိုအပ်သည်။[50] ဤစနစ်၏ ရည်ရွယ်ချက်မှာ ထိန်းချုပ်ရန်သာဖြစ်သည့်အကြောင်းကို *“အဖွဲ့က အမိုး အကာဆောက်ဖို့ ခွင့်ပြုချက်ကို အရင်မရထားဘူးဆိုရင် စစ်တပ်က ဆောက်ခွင့်ပေးမှာ မဟုတ်ဘူး”* ဟု ဖြေဆိုသူတစ်ဦးမှ ပြောခဲ့သည်။ [51]

ပေါ်ပေါက်လာသော ခွင့်ပြုချက်စနစ်သည် စစ်တပ်မှ ယင်းအချက်ကို အတည်မပြုခဲ့ခြင်း၊ သို့မဟုတ် ပျောက်ဆုံးနေသော လုပ်ငန်းစဉ်ဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းပြောပြခြင်း မရှိသော်လည်း၊ ၎င်းသည် ၂၀၂၂ အသင်းအဖွဲ့ဥပဒေနှင့် အတိုင်းအတာတစ်ခုအထိ သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအပေါ် အခြေခံထားသည်ဟု ယူဆရသည်။ [52] အကယ်၍ ထိုသို့ဆိုပါက ၎င်းသည် အလွန်အကျွံကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်သည် မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများအတွက် ရည်ရွယ်သည့် ၂၀၂၂ အသင်းအဖွဲ့ဥပဒေ ပြဋ္ဌာန်းချက်များကို အရပ်ဘက်လူ့အဖွဲ့အစည်းတရပ်လုံးမှ ပါဝင်ပတ်သတ်သူများအားလုံးထံ သက်ရောက်စေရုံသာမက၊ ကျဉ်းမြောင်းသော လိုအပ်ချက်ဖြစ်သည့် ပုဒ်မ ၂၈ (ဠ) ကို ဘေးအန္တရာယ် တုံ့ပြန်မှုတစ်ခုလုံးအား အသေးစိတ်ဝင်ရောက်စီမံခန့်ခွဲရန်အတွက် လွှမ်းခြုံထားသည့် စနစ်တစ်ခုအဖြစ်သို့ ချဲ့ထွင်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။

ခွင့်ပြုချက်ရယူခြင်း လုပ်ငန်းစဉ်သည် ရှေ့နောက်ကိုက်ညီမှုမရှိသဖြင့်၊ ရှုပ်ထွေးမှုနအပြင် အစိုးရနှင့် အမှီအခိုမကင်းမှုများ ဖြစ်ပေါ်စေခဲ့သည်။ *“တိကျသည့် လုပ်ငန်းစဉ် မရှိခြင်း”* နှင့် *“တရားဝင် လုပ်ထုံးလုပ်နည်းများ မရှိခြင်း”* ဖြစ်ခဲ့ရာ၊ အဖွဲ့များကို နေရာဒေသအလိုက် ကွဲပြားသည့် *“ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအဆင့်များ ပါဝင်သော”* ဗျူရိုကရေစီဝက်ပါအတွင်းသို့ တွန်းပို့ခဲ့သည်။ [53] အချို့အဖွဲ့များသည် နှုတ်ဖြင့် ခွင့်ပြုချက်ရရှိခဲ့ပြီး အချို့မှာ တံဆိပ်တုံးတပ်ထားသည့် စာများကို ရရှိခဲ့သည့်အတွက် ခွင့်ပြုချက် ပုံစံသည်လည်း တသမတ်တည်းမရှိပေ။[54] ခွင့်ပြုချက်ပေးသည့် အာဏာပိုင်များမှာ ဒေသဆိုင်ရာစစ်ဆေးရေးဂိတ်များမှသည် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စစ်တိုင်းမှူးများ သို့မဟုတ် နေပြည်တော်ရှိ အဆင့်မြင့် အရာရှိများအထိ အမျိုးမျိုးကွဲပြားခဲ့သည်။[55] *“ခွင့်ပြုချက်အတွက် လျှောက်လွှာကို မြို့နယ်အုပ်*

---

[50] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။ စစ်တပ်၏ ခွင့်ပြုချက်မူဝါဒကို ချက်ချင်း အာဏာတည်စေခဲ့သည်။ ကိုးကား -: Radio Free Asia (2025), “[လျှောင်ဘေး အလှူအခံအဖွဲ့တွေ စစ်ကောင်စီထံ ခွင့်ပြုချက်တောင်းနေရ](#)”.

[51] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[52] Based on a review of the military’s official statements and published ordinances.

[53] သတင်းထောက်တစ်ဦး (KII5)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[54] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[55] ကော်ပိုရိတ်လူမှုရေးတာဝန်ခံဝန်ထမ်းတစ်ဦး (KII8)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII10)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

*ချုပ်ရေးကနေ နေပြည်တော်အထိ အဆင့်ဆင့် တင်ပြရမယ်လို့ ပြောတယ်။ အဲဒီ ခွင့်ပြုချက် အပြည့် အစုံမရဘဲ အလုပ်လုပ်ခွင့် မပြုဘူးတဲ့"* ဟူ၍ ဖြေဆိုသူတစ်ဦးမှ ပြောကြားခဲ့သည်။ [56] ခွင့်ပြုမိန့်ကျရန် စောင့်ဆိုင်းရသည့် အချိန်များသည်လည်း ခန့်မှန်းရခက်ပြီး နာရီဝက်မှ တစ်ပတ်ကျော်အထိ အမျိုးမျိုး ကြာမြင့်ကာ အချိန်နှင့်အမျှ အရေးကြီးသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို နှောင့်နှေးစေခဲ့သည်။ [57]

ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိဘဲ စိတ်ထင်သလိုပြုလုပ်နေသည့် ဤလုပ်ငန်းစဉ်သည် စစ်တပ်၏ သဘောကျ လိုက်နာသူများကို ဆုလာဘ်ပေးရန်နှင့် မလိုလားသူဟု ယူဆသူများကို အဟန့်အတားပြုရန် ခွင့်ပြုခဲ့သည်။ ထို့ကြောင့် အချို့အဖွဲ့များသည် အမိန့်ကို ဆန့်ကျင်ရန် ရွေးချယ်ခဲ့ကြပြီး၊ အချို့ကမူ ၎င်းတို့၏ ရပ်ရွာများက စစ်တပ်နှင့်ပူးပေါင်းဆောင်ရွက်သူများအဖြစ် မှတ်တမ်းတင်ခံရမည်ကို သို့မဟုတ် စစ်တပ်က စစ်မှုထမ်းရန် ပစ်မှတ်ထားခံရမည်ကို ကြောက်ရွံ့၍ လျှောက်ထားခြင်း မပြုရန် ရွေးချယ်ခဲ့ကြသည်။ [58] *"စစ်တပ်က အလုပ်လုပ်ဖို့ ခွင့်ပြုချက် လိုတယ်ဆိုပြီး စာတွေပို့၊ အသံချဲ့စက်တွေနဲ့ ကြေညာတာတွေ လုပ်ပေမယ့်၊ ကျွန်တော်တို့ကတော့ အဲဒါတွေကို လျစ်လျူရှုဖို့ပဲ ရွေးချယ်ခဲ့တယ်။"* [59] *"ပေ့ါပေ့ါပါးပါး ပြောရရင် ကျွန်တော်တို့က သိုသိုသိပ်သိပ်လေး သွားလိုက်တာပေ့ါ။"* [60]

## လျှင်ဘေးတုံ့ပြန်မှုကို အသေးစိတ်ဝင်ရောက်စွက်ဖက်စီမံခြင်း

ခွင့်ပြုချက်ပေးသည့် စနစ်သည် စစ်တပ်အား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများကို ချိုးဖောက်ခွင့်ပြုကာ၊ အရပ်ဘက်အဖွဲ့အစည်း၏ သဘာဝဘေးတုံ့ပြန်မှုကို အသေးစိတ်ဝင်ရောက်စွက် ဖက်စီမံခန့်ခွဲရန်နှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ရုပ်သိမ်းရန် အခွင့် အာဏာပေးခဲ့သည်။[61] စစ်ဘက်အရာရှိများသည်လည်း အလှူရှင်များကို သံသယဖြင့် ရှုမြင်ကာ ၎င်းတို့ကို ထိန်းချုပ်ရန်နှင့် စိတ်ပျက်အားလျော့စေရန်အတွက် ထိုလုပ်ငန်းစဉ်ကို အသုံးပြုခဲ့သည်။ ငလျင်ဘေးသင့် ဒေသသို့ ရောက်ရှိလာသော အလှူရှင်များသည် ထောက်ပံ့ရေးစစ္စည်းများ ချရန် အခက်အခဲများ ရင်ဆိုင်ခဲ့ ရပြီး၊ စစ်တပ်ကလည်း ရန်ပုံငွေ၏ ဇစ်မြစ်ကို မေးမြန်းခဲ့သည် – *"အပြင်ကဆိုရင် 'ဘယ်နိုင်ငံကလဲ၊ ဘယ်အဖွဲ့အစည်းလဲ၊ ဘယ်လို ရောက်လာတာလဲ' လို့ မေးကြတယ်။"* [62] ဤတင်းကျပ်သော စစ်ဆေးမှု

---

[56] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။.

[57] ကော်ပိုရိတ်လူမှုရေးတာဝန်ယူခံတစ်ဦး (KII8)၊ သတင်းထောက်တစ်ဦး (KII1) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[58] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII7)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII3)၊ အရပ်ဘက်အဖွဲ့အစည်း ဝန်ထမ်းတစ်ဦး (KII4) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[59] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII7)၊ ဇွန်လ၊ ၂၀၂၅။

[60] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

[61] UNHCR (2025), "Humanitarian principles".

[62] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။.

ကြောင့် အလှူရှင်များသည် သံသယဖြစ်ဖွယ်မရှိစေရန်အတွက် ရန်ပုံငွေများကို *'နိုင်ငံခြားက မိတ်ဆွေများ'* ထံမှ ရရှိကြောင်း လိမ်ညာပြောခဲ့ကြရပြီး၊ အချို့ကမူ *"အခက်အခဲများ"* ကြောင့် စိတ်ပျက်အားလျော့ကာ ထပ်မံထောက်ပံ့ရန် ပြန်မလာခဲ့ကြပေ။[63]

စစ်တပ်သည် ခွင့်ပြုချက် လုပ်ငန်းစဉ်အား အရပ်ဘက်အဖွဲ့အစည်း လုပ်ငန်းများကို ထိန်းချုပ်ရန်နှင့် ၎င်းတို့၏ အဖွဲ့ဝင်များကို စောင့်ကြည့်ရန်အတွက်လည်း အသုံးပြုခဲ့သည်။ အဖွဲ့အစည်းများသည် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် *"ပူးပေါင်းဆောင်ရွက်ရန်"* နှင့် *"မည်သူက အလုပ်တွင်ပါဝင်မည်ကို သတ်မှတ်ဖော်ပြရန်"* လိုအပ်ခဲ့ရာ၊ ယင်းသည် တက်ကြွလှုပ်ရှားနေသည့် အရပ်ဘက်လူ့အဖွဲ့အစည်းဝင်များ၏ မှတ်ပုံတင်စာရင်းကို ထိရောက်စွာ ဖန်တီးလိုက်ခြင်းပင် ဖြစ်သည်။[64] အဖွဲ့များသည် ၎င်းတို့၏ လုပ်ငန်းကို အဟန့်အတားဖြစ်စေသည့် ခွင့်ပြုမိန့်နှင့်မဆိုင်သော အတားအဆီးများကိုလည်း ရင်ဆိုင်ခဲ့ရသည်။ ဥပမာအားဖြင့် အရေးကြီးသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည့် နယ်မြေများတွင် စစ်တပ်က ရွေ့လျားဆေးခန်းများအား တရားဝင် *"ဆေးခန်းလိုင်စင်"* ရှိရန် တောင်းဆိုခဲ့ပြီး၊ ၎င်းသည် စနစ်တကျ ပုံသေကားကျဖွဲ့စည်းထားခြင်းမရှိသည့် သဘာဝဘေးအား လျင်မြန်စွာတုံ့ပြန်ရန် ကိုယ်ထူကိုယ်ထဖွဲ့စည်းလိုက်သော အဖွဲ့များအတွက် မဖြစ်နိုင်သည့် လိုအပ်ချက်လည်း ဖြစ်သည်။[65] စစ်တပ်သည် ဆေးဝါးများကိုပါ ထပ်မံစည်းကမ်းသတ်မှတ်ခဲ့ပြီး၊ ၎င်းတို့ကို သီးခြားအသုံးပြုရန်အတွက် ဝေးလံသော မြို့တော်နေပြည်တော်ရှိ အရာရှိများထံမှ ကြိုတင်ခွင့်ပြုချက် မရရှိပါက တရားမဝင်ပစ္စည်းအဖြစ် သတ်မှတ်ခဲ့သည်။[66] ၎င်းသည် အချို့အဖွဲ့များကို အသက်ကယ် ကျန်းမာရေးစောင့်ရှောက်မှုကို *"လျှို့ဝှက်စွာ"* ပေးအပ်ရန် ဖြစ်ပေါ်စေခဲ့ပြီး၊ ပေးသူနှင့်လက်ခံသူ နှစ်ဦးစလုံးကို အန္တရာယ်ဖြစ်စေခဲ့သည်။ [67] ကန့်သတ်ချက်များသည် ဆေးဘက်ဆိုင်ရာ အကူအညီထက် များစွာကျယ်ပြန့်ခဲ့ပြီး၊ ဘက်ထရီနှင့် လျှပ်စစ်စွည်းကဲ့သို့သော ပစ္စည်းများကိုပါ တင်းကျပ်စွာ ထိန်းချုပ်ထားသည်။[68]

## ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအဖြစ်သြဇာခံပြုလုပ်ခြင်းနှင့် သိမ်းဆည်းခြင်း

စစ်တပ်သည် ဖြစ်နိုင်သည့်နေရာတိုင်းတွင် ခွင့်ပြုချက်စနစ်ကို အသုံးပြု၍ လွတ်လပ်သော အဖွဲ့အစည်းများကို စစ်တပ်နှင့်ဆက်စပ်နေသော အဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ရန် အတင်းအကျပ် ဖိအားပေးခဲ့

[63] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII7) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[64] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[65] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[66] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။.

[67] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[68] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

သည်။ [69] ကြီးမားသည့် မည်သည့်အလှူအတွက်မဆို အဖွဲ့များကို ခွင့်ပြုချက်ပေးရာတွင် *"စစ်တပ်၏ စီမံခန့်ခွဲမှုအောက်ရှိ အဖွဲ့အစည်းများ"*နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းအပေါ် မူတည်ပြီး၊ လုပ်ငန်းများကို *"၎င်းတို့၏ အကူအညီနှင့် ဦးဆောင်မှုအောက်တွင်"* အကောင်အထည်ဖော်ခြင်းအပေါ်၌ မူတည်ကြောင်း ပြောကြားခဲ့သည်။[70] ၎င်းမှာ မြို့နယ်အာဏာပိုင်များ၊ လျှောင်ဒဏ်သင့်စခန်း စီမံခန့်ခွဲသူများ၊ စစ်တပ်လိုလားသော ပြည်သူ့စစ်များနှင့် ကြက်ခြေနီအသင်း၏ အမျိုးသားအဆင့်ဌာနခွဲတို့နှင့် ပူးပေါင်းဆောင်ရွက်ရခြင်းကို ဆိုလိုသည်။[71] ဧပြီလ ၆ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက စားနပ်ရိက္ခာ အကူအညီများအားလုံးကို မြို့နယ်ရုံးများမှတဆင့် ပို့ဆောင်ရမည်ဟု အမိန့်ပေးခဲ့ပြီး၊ ဆေးရုံများကလည်း အရပ်ဘက်လူ့အဖွဲ့အစည်းများထံမှ တိုက်ရိုက်လှူဒါန်းမှုများကို လက်ခံရန် ငြင်းပယ်ခဲ့သည်။[72] အကူအညီပေးရေးဝန်ထမ်းတစ်ဦးက ပြန်ပြောပြသည်မှာ – *"ဆေးရုံကို တရားမဝင် ပစ္စည်းတွေ ပေးနေရသလိုတောင် ခံစားရတယ်"* ဟူ၍ဖြစ်သည်။ [73] စစ်တပ်သည် နောက်ပိုင်းတွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို *"အစိုးရ၏ ဦးဆောင်မှုအောက်"* တွင် ရှိစေရန် သဘာဝဘေးကော်မတီအား တာဝန်ပေးကာ၊ ယင်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းကို *"ပြည်သူတို့၏ ဒုက္ခကို လျစ်လျူရှုခြင်း"* ဟူ၍ ပုံဖော်ပြောဆိုပြီး၊ စစ်တပ်ကိုယ်ကျိုးစီးပွားအတွက်အသုံးချမှုကို ဥပဒေအဖြစ် သတ်မှတ်ခဲ့သည်။ [74]

အဖွဲ့အစည်းများက ဤသြဇာခံဖြစ်အောင် ထိန်းချုပ်မှုကို ခုခံတွန်းလှန်သည့်အခါ စစ်တပ်သည် အကူအညီများကို အတိအလင်း သိမ်းယူခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများကို ၎င်းတို့၏ ထောက်ပံ့ရေးပစ္စည်းများကို ဒေသခံအုပ်ချုပ်ရေးမှူးများထံ အပ်နှံရန် အမိန့်ပေးခဲ့သည်။[75] ၎င်းကို ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းအဖြစ် ပုံဖော်လေ့ရှိသော်လည်း လက်တွေ့တွင်မူ ကယ်ဆယ်ရေးပစ္စည်းများ သိမ်းယူခြင်းပင်ဖြစ်သည်။ အင်တာဗျူးဖြေဆိုခဲ့သော သတင်းထောက်တစ်ဦးက ဒေသခံအာဏာပိုင်များမှ အဖွဲ့များကို *"ပစ္စည်းတွေ ထားခဲ့လိုက်၊ သူတို့ကိုယ်တိုင် ဖြန့်ဝေပေးမယ်လို့ ပြောတယ်၊ ပစ္စည်းတွေကို သူတို့အပိုင်*

---

[69] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။ စစ်တပ်၏ တရားဝင် ပြောကြားချက်က လျှောင်ဘေးတုံ့ပြန်ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်မှုအဖြစ် စဉ်ဆက်မပြတ် ပုံဖော်ခဲ့သည်။ ကိုးကား - Office of the Commander-in-Chief of Defence Services (2025), "Rebuilding Myanmar: Post Earthquake Economic Recovery" opens; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers opening address".

[70] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

[71] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[72] Radio Free Asia (2025), "စစ်ကောင်စီ ကန့်သတ်ချက်ကြောင့် လျှောင်ဘေး ကူညီရေးအဖွဲ့အချို့ လုပ်ငန်းရပ်ဆိုင်းရနိုင်".

[73] Frontier Myanmar (2025), "New junta rules curb aid to Mandalay quake victims".

[74] အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ဇွန်လ ၁၀ ရက်နေ့တွင် သာယာဝပြော၍ ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းများ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ကို ဖွဲ့စည်းခဲ့ပြီး၊ ၎င်းအား မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းစဉ်အသစ်များစွာကို ပေးအပ်ခဲ့သည်။ ကိုးကား - The Mirror (2025), "11 July 2025"; The Global New Light of Myanmar (2025), "Online meeting held on building resilient social communities"; MITV (2025), "Work committee meeting"; MITV (2025), "Discussion on strong community".

[75] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

*လုပ်နေသလိုပဲ"* ဟု အဖြစ်အပျက်ကို ဖော်ပြခဲ့သည်။ [76] တချို့အခြေအနေများတွင် စစ်တပ်က ပိုမိုပြတ်သားခဲ့ပြီး အဖွဲ့များကို *"'ငါတို့ မင်းတို့ကိုယ်စား အကူအညီတွေ ဖြန့်ဝေပေးမယ်။ ဒီမှာ ထားခဲ့ပြီး ပြန်တော့' လို့ အမိန့်ပေးတယ်။ အဲဒီအခါ အဖွဲ့တွေမှာ ရွေးချယ်စရာ မရှိခဲ့ဘူး"* ဟု ဖြေဆိုသူတစ်ဦးမှ ပြောပြခဲ့သည်။[77] *"ထောက်ပံ့ရေးပစ္စည်းတွေကို စစ်တပ်က သိမ်းယူသွားတယ်"* ဟု ဆရာဝန်တစ်ဦးက ပြောသည်။ [78] ဤနည်းလမ်းများမှတဆင့် စစ်တပ်သည် အကူအညီများကို ခိုးယူခြင်း သို့မဟုတ် လွတ်လပ်သော အရပ်ဘက်လူ့အဖွဲ့အစည်း၏ ပေါ်လွင်ထင်ရှားမှုကို ဖျောက်ဖျက်ပစ်ခြင်းတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများအားလုံးကို ၎င်းတို့၏ အာဏာနှင့်ထိန်းချုပ်မှုမှ ပေါ်ထွက်လာသောရလဒ်အဖြစ် ပုံဖော်ခဲ့သည်။

# အကူအညီပေးရေးလှုပ်ရှားမှုကို ရပ်တန့်စေခြင်း

မည်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုမဆို ထိရောက်မှုရှိစေရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အကူအညီလိုအပ်နေသော ပြည်သူများထံသို့ ရောက်ရှိနိုင်ရမည်။ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်သည် အရပ်ဘက်အဖွဲ့အစည်း၏ လက်လှမ်းမီရေးအတွက် မရှိမဖြစ် အစိတ်အပိုင်းဖြစ်သည်။ အပိုင်း (၁) တွင် အသေးစိတ်ဖော်ပြထားသည့် ဖိနှိပ်သော ခွင့်ပြုချက်စနစ်အပေါ် အခြေခံ၍ ဤအပိုင်းတွင် စစ်တပ်သည် ခရီးသွားလာခွင့်ဆိုင်ရာ ရှုပ်ထွေးသော စနစ်တစ်ရပ်ကို ချမှတ်ခြင်း၊ စစ်ဆေးရေးဂိတ်များနှင့် ညမထွက်ရအမိန့်များကို အလွဲသုံးစားလုပ်ခြင်းအပြင် စနစ်တကျ အကျင့်ပျက်ခြစားမှုကို ဖြစ်ပေါ်စေခြင်းတို့ဖြင့် လျှော့ချင်ဘေးတုံ့ပြန်မှုကို ချိနဲ့စေပြီး၊ ICCPR ပုဒ်မ (၁၂) အရ အကာအကွယ်ပေးထားသည့် လွတ်လပ်စွာ သွားလာခွင့်အား မည်ကဲ့သို့ ချိုးဖောက်ခဲ့သည်ကို ဆန်းစစ်ထားပါသည်။

## ခရီးသွားလာခွင့် ခွင့်ပြုချက်စနစ်၏ နိုင်ငံရေးအခြေခံဝက်ပါ

စစ်တပ်၏ ခွင့်ပြုချက်စနစ်တွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုမှာ ခရီးသွားလာခွင့်ပြုမိန့် လိုအပ်ခြင်းဖြစ်သည်။[79] စစ်တပ်က ၎င်းတို့ ခွင့်ပြုချက်စနစ်၏ ဥပဒေရေးရာအခြေခံကို မည်သည့်အခါမျှ အတည်ပြုခဲ့ခြင်း မရှိသော်လည်း ၂၀၂၂ အသင်းအဖွဲ့ဥပဒေ ပုဒ်မ (၂၇ - ဇ) အရ မှတ်ပုံတင်ထားသည့်

---

[76] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

[77] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[78] The Guardian (2025), "Myanmar junta accused of blocking aid for earthquake victims as airstrikes continue".

[79] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

အဖွဲ့အစည်းများသည် ၎င်းတို့၏ ပုံမှန်လုပ်ငန်း လည်ပတ်သည့် ဧရိယာပြင်ပဖြစ်ပါက သဘာဝဘေး အန္တရာယ် ကျရောက်သည့် နယ်မြေသို့ ခရီးသွားလာရန် ခွင့်ပြုချက်ရယူဖို့ လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်။[80] အင်တာဗျူးဖြေဆိုသူများက အဖွဲ့အစည်းများသည် *"စစ်တပ်မှ အတည်ပြုထားသော ဧရိယာများတွင်သာ"* လုပ်ငန်းဆောင်ရွက်နိုင်ပြီး၊ လမ်းကြောင်းသွေဖယ်ပါက ခွင့်ပြုချက်အသစ် ထပ်မံရယူရန် လိုအပ်ကြောင်း အတည်ပြုခဲ့သည်။ [81] *"သူတို့ ချမှတ်ပေးထားတဲ့ သီးသန့်နေရာကိုပဲ သွားခွင့်ရတာ။ ကိုယ်ကူညီချင်တဲ့ နေရာကိုတော့ ကိုယ်တိုင် ရွေးသွားလို့ မရဘူး"* ဟု အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးက ပြောသည်။[82] စစ်တပ်က မြေမြှုပ်မိုင်းများ၊ အတိုက်အခံလှုပ်ရှားမှုတို့နှင့် ပဋိပက္ခများကို ကိုးကား၍ ဤကန့်သတ်ချက်များသည် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဖြစ်သည်ဟု ဆိုခဲ့သည်။[83] အဆိုပါ အကြောင်းပြချက်မှာ အတိုက်အခံ လက်နက်ကိုင်အဖွဲ့များက ငလျင်ဘေးသင့်ဒေသများအား အကူအညီပေးရေး လွယ်ကူချောမွေ့စေရန်အတွက် ယာယီအပစ်အခတ် ရပ်စဲကြောင်း ကြေညာထားချိန်တွင် စစ်တပ်မှ ထိုဘေးသင့်ဒေသအတွင်း ခွဲခြားမှုမရှိ ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများနှင့်မူ ဆန့်ကျင်ဘက်ဖြစ်နေခဲ့သည်။[84]

ယင်းအစား ဤခွင့်ပြုချက်များသည် အရပ်ဘက်အဖွဲ့အစည်းများကို စစ်တပ်၏ နိုင်ငံရေးအကျိုးစီးပွားများအား ထောက်ခံကူညီစေရန် ဦးတည်စေခဲ့သည်။[85] နိုင်ငံခြားကယ်ဆယ်ရေးအဖွဲ့အချို့ကို နိုင်ငံအတွင်း ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ပြီး၊ အချို့ကိုမူ ငလျင်ဗဟိုချက်နှင့် ဝေးကွာသော *"မြို့တော် နေပြည်တော်သို့သာ*

---

[80] ပုဒ်မ ၂၇(ဇ): *"[မှတ်ပုံတင်ထားသော အဖွဲ့အစည်းသည်] သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှ သဘာဝဘေး အန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာထားသည့်ဒေသသို့ အရေးပေါ် အကူအညီပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နယ်မြေကျော်လွန် ဆောင်ရွက်နိုင်ခွင့် [ရှိသည်။]"*

[81] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII4)၊ ဇွန်လ၊ ၂၀၂၅။

[82] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[83] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

[84] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UN OHCHR) က စစ်တပ်သည် ယာယီအပစ်အခတ်ရပ်စဲရေး ကြေညာခဲ့သော်ငြားလည်း ဘေးဒဏ်သင့်ဒေသတွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုတိုက်ခိုက်မှုများသည် အရပ်သားဧရိယာများကို ပစ်မှတ်ထားသည်ဟု အတိုက်အခံအဖွဲ့များက စိုးရိမ်ခဲ့ကြပြီး၊ ကုလသမဂ္ဂ၏ ပြောကြားချက်အရ အရပ်သား ၂၀၀ ကျော် သေဆုံးခဲ့သည်။ ဖြစ်ရပ်တစ်ခုတွင် စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုသည် စာသင်ကျောင်းတစ်ကျောင်းကို ထိမှန်ခဲ့ရာ၊ ကလေးငယ် ၂၀ ဦးနှင့် ဆရာ/ဆရာမ နှစ်ဦး သေဆုံးခဲ့သည်။ ကိုးကား -UN OHCHR (2025), "Myanmar: Military actions compound dire humanitarian situation in aftermath of deadly earthquake"; Karen National Union (2025), "Statement regarding the earthquake in Burma/Myanmar on the 28 March 2025"; The Irrawaddy (2025), "Over 200 Killed in at Least 243 Myanmar Military Attacks Since Quake: UN"; Mizzima (2025), "Myanmar junta airstrike kills 22 at school in Sagaing: witnesses".

[85] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

*ခရီးသွားခွင့်ပြုခဲ့သည်*"။[86] နိုင်ငံတကာမှ လက်လှမ်းမီမှုအပေါ် ထပ်မံထိန်းချုပ်ခြင်းကို နောက်ပိုင်းတွင် ဗီဇာကိစ္စများအား "*လွယ်ကူချောမွေ့စေရန်*" တာဝန်ပေးထားသည့် စစ်ကော်မတီအသစ်တစ်ခုက စနစ်တကျ ပြုလုပ်ခဲ့ပြီး၊ ယင်းမှာ ထပ်ဆင့်ခွင့်ပြုမိန့်အလွှာအသစ် ထပ်မံချမှတ်ခြင်းကို ကြားကောင်းအောင် စကားလှည့်ထားခြင်းသာ ဖြစ်သည်။[87] နိုင်ငံခြားကယ်ဆယ်ရေးအဖွဲ့များသည် ပထမဆုံးရက်အနည်းငယ်အတွင်း ငလျင်ဗဟိုချက်သို့ မရောက်ရှိခဲ့ကြဘဲ၊ ရောက်ရှိသောအခါတွင်လည်း အချို့သည် ငလျင်ကြောင့် ဒဏ်ရာရရှိသူများအစား စစ်တပ်ထောက်ခံသူ နာတာရှည်ရောဂါရှင်များ တန်းစီနေသည်ကို ရင်ဆိုင်တွေ့ခဲ့ရသည်။[88] တချိန်တည်းမှာပင် ပျက်စီးလွယ်သော နိုင်ငံခြားအကူအညီပစ္စည်းများသည် ငလျင်ဗဟိုချက်နှင့် ဝေးကွာသော စစ်တပ်၏ ဂိုဒေါင်များထဲတွင် လပေါင်းများစွာ စုပုံနေခဲ့ပြီး လာမည့် "*ရွေးကောက်ပွဲ*" အတွက် သိမ်းထားခြင်း ဖြစ်နိုင်ကြောင်း၊ လေ့လာသူတစ်ဦးက ဤနှောင့်နှေးမှုကြောင့် "*ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်မှုတွေက တစ်လလောက် နောက်ကျခဲ့ရတယ်*" ဟု မှတ်ချက်ပြုခဲ့သည်။[89] ငလျင်ဘေးဒဏ်ခံဒေသတွင်မူ စစ်တပ်သည် အရပ်ဘက်လူ့အဖွဲ့အစည်းများကို "*၎င်းတို့၏ထောက်ခံသူများသာ နေထိုင်သည့် ခွင့်ပြုထားသည့် အဝန်းဝိုင်းကျဉ်းကျဉ်း*" အတွင်း၌သာ သွားလာရန် ခွင့်ပြုခဲ့ကာ၊ တခါတရံတွင် "*မည်သည့်အိမ်များက အကူအညီရရှိနိုင်ပြီး၊ မည်သည့်အိမ်များကမူ*

---

[86] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။ ထိုင်ဝမ် ကယ်ဆယ်ရေးအဖွဲ့များကို မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့် တားမြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံသား စေတနာ့ဝန်ထမ်းတစ်ဦး စစ်ကိုင်းသို့ သွားရောက်ရာတွင် ပိတ်ပင်ခံခဲ့ရသည့် အကြောင်းအရာသည် အွန်လိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် မျှဝေခံခဲ့ရသည်။ စစ်တပ်ကမူ နိုင်ငံ ၁၅ နိုင်ငံမှ နိုင်ငံခြား ကယ်ဆယ်ရေးသမား ၁,၅၁၉ ဦးကို ဝင်ခွင့်ပြုခဲ့သည်ဟု ပြောဆိုခဲ့သည်။ ကိုးကား -: Taipei Times (2025), "Myanmar turns down Taiwan quake rescue offer"; Kiran Verma (2025), "I am sorry #Myanmar"; The Global New Light of Myanmar (2025), "Govt welcomes all organizations to join quake relief – follow official protocols".

[87] သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီသည် ဇွန်လ ၁၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး လုပ်ငန်းကော်မတီကို "အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ" အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး၊ ၎င်းအား မဟာဗျူဟာမြောက် ဦးစားပေး လုပ်ငန်းစဉ်အသစ်များစွာကို ပေးအပ်ခဲ့သည်။ ကိုးကား - The Mirror (2025), "11 July 2025".

[88] မတ်လ ၃၁ ရက်နေ့တွင် စစ်ကိုင်းမြို့၌ ဒေသခံအဖွဲ့များသာ လည်ပတ်လုပ်ကိုင်နေခဲ့သည်။ ဤအခြေအနေသည် တစိတ်တပိုင်းအားဖြင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုအကူအညီများ မရှိခြင်းကြောင့် ဖြစ်နိုင်သည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံသည် ဝန်ထမ်းသုံးဦးကိုသာ စေလွှတ်ခဲ့ပြီး၊ ၎င်းတို့ကို နောက်ပိုင်းတွင် အလုပ်ထုတ်ခဲ့သည်။ ကိုးကား -Myanmar Now (2025), "တစ်မြို့လုံး အလောင်းတွေပုပ်ပွပြီး ရောဂါကူးစက်နိုင်တဲ့အထိ ဆိုးတယ်"; ABC (2025), "Myanmar junta accused of hoarding aid as local groups scramble to respond to earthquake".

[89] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။ စစ်တပ်က စစ်တပ်ကျောထောက်နောက်ခံပြုထားသော ပါတီများအတွက် မဲရရှိစေရန် လှုံ့ဆော်ရာတွင် အသုံးပြုနိုင်ရန် အကူအညီများကို သိုလှောင်ထားနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်ခဲ့သည်။ ကိုးကား - ABC (2025), "Myanmar junta accused of hoarding aid as local groups scramble to respond to earthquake".

*မရယူနိုင်ကြောင်း"* ညွှန်ကြားထိန်းချုပ်လေ့ရှိသည်။ [90] ရည်ရွယ်ချက်မှာ *"လုံးဝဥဿုံ နိုင်ငံရေးဘက်လိုက်မှုသက်သက်"* ဖြစ်ပြီး၊ *"စစ်တပ်က အကူအညီရစေလိုသူများသာ ရရှိကြောင်း"* သေချာစေရန် ဖြစ်သည်။ [91]

ခရီးသွားလာခွင့် ခွင့်ပြုချက်အား အရပ်ဘက်အဖွဲ့အစည်းကို သီးခြားခွဲထုတ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို တားဆီးရန်အတွက်လည်း အသုံးပြုခဲ့သည်။ နိုင်ငံခြားအဖွဲ့များနှင့် ကုလသမဂ္ဂအဖွဲ့များကို စစ်တပ်၏ အစောင့်အရှောက်ဖြင့် သတ်မှတ်ထားသော ဒေသများသို့သာ ခရီးသွားလာရန် အတင်းအကျပ် ဖိအားပေးခဲ့ပြီး၊ ၎င်းတို့၏ သွားလာလှုပ်ရှားမှုများသည် ဒေသခံလူထုအား ထိုဒေသများမှ တားဆီးရန်အတွက် အကြောင်းပြချက်အဖြစ် အသုံးပြုခဲ့သည်။[92] ဥပမာအားဖြင့် တရုတ်အဖွဲ့များအား မန္တလေးမြို့ကို မကျော်လွန်ရန် ထိထိရောက်ရောက် ကန့်သတ်ထားခဲ့ပြီး၊ အခြားသူများကိုမူ စစ်တပ်၏ မြို့တော် နေပြည်တော်သို့သာ ဝင်ရောက်ခွင့်ပြုခဲ့သည်။[93] အရပ်ဘက်လူ့အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးက *"နိုင်ငံခြားအဖွဲ့တွေရောက်လာတဲ့အခါ၊ ကျွန်တော်တို့ အရမ်းအနားကပ်လို့မရအောင် စစ်တပ်က သေနတ်တွေနဲ့ သူတို့ကို အမြဲတမ်း 'စောင့်ကြပ်' ထားတယ်"* ဟု ပြောခဲ့သည်။ [94] *"စစ်တပ်က ဘေးဒဏ်ကနေ အသက်ရှင်ကျန်ရစ်သူတွေကို အမြဲတမ်း 'ကိုယ်တွေနဲ့ မတူညီတဲ့လူတွေအဖြစ် ခွဲခြားထား'ပြီး၊ ပြင်ပကလာတဲ့ လူသားချင်ႃးစာနာအထောက်ပံ့ပေးတဲ့ သူတွေအပေါ်ပြစ်မှုကျူးလွန်နိုင်ချေရှိသူတွေလိုလို၊ ခြိမ်းခြောက်မှုတခုလိုလို သတ်မှတ်ထားတယ်။ ရိုဟင်ဂျာတွေတုန်းကလည်း ဒီအတိုင်းပဲ။"* [95] စစ်တပ်သည် ဒေသတွင်း အကူညီပေးရေးအဖွဲ့များကို ၎င်းတို့၏ နေထိုင်ရာ မြို့များတွင်သာ ကန့်သတ်ထားရှိခြင်းဖြင့် သီးခြားဖြစ်အောင်ခွဲထုတ်ခဲ့ပြီး၊ ၎င်းတို့အား အခြားသူများနှင့် *"စုစည်းကာ၊ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း"* မှ ဟန့်တားခဲ့သည်။[96] အခြားဒေသသို့ ခရီးသွားလာခြင်းသည် စစ်တပ်ထံမှပေးလာမည့် *"ဒုက္ခ"* ကို ဖိတ်ခေါ်ခြင်းပင် ဖြစ်သည်။[97] ရလဒ်အနေဖြင့် အဖွဲ့များသည် *"ထင်သာမြင်သာရှိတဲ့ ခွင့်ပြုချက်"* မရရှိပါက *"ခရီးသွားလာခြင်း၏ အန္တရာယ်"* ကို လုံးဝရှောင်ရှားခဲ့ကြသည်။ [98]

---

[90] သတင်းထောက်တစ်ဦး (KII1)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2) တို့နှင့် အင်တာဗျူး ၊ ဇွန်လ၊ ၂၀၂၅။

[91] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[92] သတင်းထောက်တစ်ဦး (KII1)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII9)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်း တစ်ဦး (KII3) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[93] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII7)၊ သတင်းထောက်တစ်ဦး (KII1) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[94]အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[95] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။

[96] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[97] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။.

[98] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

## စစ်ဆေးရေးဂိတ်နှင့် ညမထွက်ရအမိန့် အတားအဆီးများ

မြန်မာနိုင်ငံတွင် ဖိနှိပ်မှု၏ လက္ခဏာရပ်တစ်ခုအဖြစ် ကြာရှည်စွာ တည်ရှိခဲ့သော စစ်ဆေးရေးဂိတ်များသည် ငလျင်လှုပ်ပြီးနောက်တွင် ဗရမ်းဗတာဖြစ်နေချိန်၌ ခေတ္တခဏမျှ တိတ်ဆိတ်သွားခဲ့သေးသည်။[99] သတင်းသမားတစ်ဦးက *"နှစ်ပတ်လောက်တော့ သူတို့ကို မတွေ့ရဘူး"* ဟု ပြောကြားခဲ့ပြီး၊ တွေ့ခဲ့ပါကလည်း *"အရင်လောက် တင်းကျပ်တာမျိုး မရှိဘူး"* ဟု ဆိုသည်။[100] အနှောင့်အယှက်ကင်းစွာ သွားလာခွင့်ရခဲ့သည့် ၄င်းခေတ္တခဏနေရာလပ်ကို ဘေးသင့်ဒေသရှိ အရေးပါသော လမ်းမကြီးများပေါ်တွင် *"ပိုမိုတင်းကျပ်သည့် စစ်ဆေးရေးဂိတ်များ"* ထပ်မံတိုးချဲ့ ချထားလိုက်ခြင်းဖြင့် အလျင်အမြန်ပိတ်လိုက်ကြသည်။[101] မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အကြား ကျယ်ဝန်းသော ဧရာဝတီမြစ်ကို ဖြတ်ကျော်သည့် စစ်ကိုင်းတံတားတွင် စစ်ဆေးရေးဂိတ်များ *"ရှစ်ခု၊ ကိုးခု"* အထိ ရှိခဲ့ပြီး၊ ထိုဂိတ်များတွင် *"မည်သည့် အချိန်မဆို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခံရနိုင်ကာ"*၊ ယင်းတံတားသည် အကူအညီစီးဆင်းမှုကို အဟန့်အတားဖြစ်စေရန်နှင့် ထိန်းချုပ်မှုကို ပြန်လည်အာဏာတည်စေရန် အသုံးပြုခဲ့သည့် လူသိများသော လမ်းကြောင်းပိတ်ဆို့ရာ နေရာတစ်ခု ဖြစ်လာခဲ့သည်။[102] စစ်တပ်၊ ရဲ၊ ယာဉ်ထိန်းရဲနှင့် အခွန်အာဏာပိုင်များဖြင့် ဖြည့်တင်းထားသော ထပ်ဆင့်အလွှာများစွာပါဝင်သည့် စစ်ဆေးရေးဂိတ်များ၏ ထင်သာမြင်သာတည်ရှိမှုအား အဖွဲ့အစည်းများမှ လမ်းကြောင်းတလျှောက် ရင်ဆိုင်ခဲ့ကြရရာ၊ ၄င်းတို့အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပို့ဆောင်ရေးလမ်းကြောင်းမှသည် စနစ်တကျ ကြောက်ရွံ့ထိတ်လန့်စေမှုနှင့် ခြိမ်းခြောက်မှုများကို ကြုံတွေ့ရသည့် လမ်းကြောင်းများအဖြစ်ပြောင်းလဲသွားသည်။[103]

ဤစစ်ဆေးရေးဂိတ်များသည် ဗျူရိုကရေစီအတားအဆီးများ ဖြစ်ပွားရာနေရာ ဖြစ်လာခဲ့သည်။[104] အရပ်ဘက်လူ့အဖွဲ့အစည်းများသည် လှူဒါန်းသည့် ပစ္စည်းစာရင်းအသေးစိတ်နှင့် အဖွဲ့အစည်းဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရန် အတင်းအကျပ် ဖိအားပေးခံခဲ့ရပြီး၊ ယင်းအခြေအနေက စစ်သားတစ်ဦးချင်းစီအား လူ့အသက်များ အသက်ကယ်ဆယ်ရေး လုပ်ငန်းအပေါ်တွင် ၎င်းတို့ စိတ်ထင်တိုင်း ဆုံးဖြတ်နိုင်သည့် အာဏာကို ပေးအပ်ထားသည်။ [105] *"ကျွန်တော်တို့ သွားလှူဖို့ စီစဉ်ထားတဲ့ နေ့တွေမှာ*

---

[99] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[100] သတင်းထောက်တစ်ဦး (KII5)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[101] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

[102] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII3) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။ အရပ်ဘက်လူ့အဖွဲ့အစည်းသည် စစ်တပ်၏ ရည်ရွယ်ချက်များကို သိရှိနားလည်ခဲ့သည်။ ကိုးကား -: DVB (2025), "ငလျင်ဘေး နိုင်ငံတကာကာအကူအညီတွေ ဘယ်ရောက်သွားလဲ".

[103] ကော်ပိုရိတ်လူမှုရေးတာဝန်ယူမှု လုပ်သားတစ်ဦး (KII8)၊ အရပ်ဘက်လူ့အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII7) နှင့် သတင်းထောက်တစ်ဦး (KII1) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[104] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

[105] The Guardian (2025), "Myanmar junta accused of blocking aid for earthquake victims as airstrikes continue".

*သက်ဆိုင်ရာ စစ်ဆေးရေးဂိတ်ရဲ့ အကြီးအကဲဆီကို စာရင်းတင်ရတယ်၊ သူတို့ သံသယရှိတယ်ဆိုရင်တော့ ကားပေါ်တက်ပြီး ပစ္စည်းအားလုံးကို ရှာဖွေစစ်ဆေးကြတယ်။"* [106] အရပ်ဘက်လူ့အဖွဲ့အစည်းများမှာ အာဏာပိုင်များ၏ ခန့်မှန်းရခက်သောသဘောဆန္ဒအတိုင်း အဆုံးအဖြတ်ခံခဲ့ရကာ၊ လက်သင့်မခံနိုင်လောက်စရာ နှောင့်နှေးကြန့်ကြာမှုများကို ဖြစ်ပေါ်စေခဲ့ပြီး၊ ပျက်စီးလွယ်သော စားသောက်ကုန် သို့မဟုတ် အရေးပေါ် ဆေးဝါးများမှာလည်း အသုံးမဝင်တော့အောင် ဖြစ်ခဲ့ရသည်။[107]

ထင်ရှားသော နည်းဗျူဟာတစ်ရပ်မှာ စစ်တပ်သည် တရားဝင် ကယ်ဆယ်ရေးစခန်းများအတွင်း၌ စစ်ဆေးရေးဂိတ်များ ထူထောင်ခဲ့ပြီး၊ ဘေးဒဏ်သင့်ပြည်သူများအတွက် လုံခြုံသော ခိုလှုံရာနှင့် စဉ်ဆက်မပြတ်စောင့်ကြည့်ခံနေရခြင်းတို့မှာ ရောယှက်နေခဲ့သည်။ ၎င်းသည် နိုင်ငံရေးဘက်လိုက်မှုမရှိသည့် လူသားချင်းစာနာထောက်ထားရေးနယ်မြေဆိုင်ရာ စည်းမျဉ်းကို ပဓာနကျကျ ချိုးဖောက်ရာရောက်ပြီး၊ စစ်တပ်၏ ဖိနှိပ်ညှဉ်းပန်းမှုနှင့် ဖမ်းဆီးအရေးယူမှုတို့ကို ကြောက်ရွံ့နေပြီးသားလူထုအကြားတွင် နက်ရှိုင်းသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်ကြောက်ရွံ့မှုတရပ် သိသိသာသာ ပျံ့နှံ့အမြစ်တွယ်လာခဲ့သည်။[108] မန္တလေးမြို့နယ်ဘောလုံးအားကစားကွင်းအတွင်းရှိ အဓိကကယ်ဆယ်ရေးစခန်းတစ်ခုတွင် စစ်သားများက ရောက်ရှိလာသည့် ငလျင်ဒဏ်သင့်ပြည်သူများကို *"၎င်းတို့၏ အမည်များနှင့် မှတ်ပုံတင်နံပါတ်များကို ပေးရန်"* ပြောခဲ့ရာ အကျိုးဆက်အနေဖြင့် *"ယာယီတဲပေါင်း ၄၀၀ အနက် ၁၀၀ သာ"* လူပြည့်ခဲ့သည်။[109] *"ပြည်သူလူထုသည် စစ်တပ်ကို ယုံကြည်မှု မရှိသည့်အတွက် ကြောက်ရွံ့စိတ်ဖြင့် ယာယီတဲများတွင် နေထိုင်ရန် ငြင်းဆန်ခဲ့ကြသည်။"* [110] ယင်းအခြေအနေကြောင့် ဘေးသင့်ပြည်သူများသည် ၎င်းတို့ ခံစားခွင့်အပြည့်ရှိသော အကူအညီများကို ရယူခြင်းနှင့် ကြုံတွေ့လာရနိုင်သည့် ဖမ်းဆီးဖိနှိပ်ခံရမည့် အန္တရာယ်တို့အနက်မှ တစ်ခုကို ရွေးချယ်ရန် ဖိအားတစ်ခုဖြစ်ခဲ့သည်။

စစ်တပ်မှ ထုတ်ပြန်ထားသော ရှိရင်းစွဲ ညမထွက်ရအမိန့်ကို ဆက်လက်အာဏာတည်စေခြင်းသည် အရေးကြီးသော အစောပိုင်းနာရီပိုင်းများ (golden hours) အတွင်း အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေရန် အပါအဝင် ကယ်ဆယ်ရေးလုပ်ငန်းများကို အလားတူ နှောင့်နှေးကြန့်ကြာစေခဲ့သည်။[111]

---

[106]ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[107] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII4)၊ ဇွန်လ၊ ၂၀၂၅။ စစ်တပ်၏ ခွင့်ပြုချက်စနစ်ကြောင့် ဖြစ်ပေါ်လာသော ကြန့်ကြာမှုများသည် ၎င်းတို့၏ တရားဝင်ပြောကြားချက်နှင့် သိသိသာသာ ဆန့်ကျင်ဘက် ဖြစ်နေသည်။ ကိုးကား -Office of the Commander-in-Chief of the Defence Services (2025), "Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses National Disaster Management Committee meeting 3/2025".

[108] International Committee of the Red Cross (2023), "The importance of preserving a neutral humanitarian space for conflict affected populations".

[109] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

[110] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

[111] ရှိနေနှင့်ပြီးသော ညမထွက်ရအမိန့်များသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းစဉ်က တရားမဝင် ကြေညာခဲ့သည့် အရေးပေါ်အခြေအနေ နောက်ပိုင်းမှ စတင်ခဲ့သည်။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

ညမထွက်ရအမိန့်များကြောင့် အရပ်ဘက်အဖွဲ့အစည်းများသည် ကယ်ဆယ်ရေးအခြေအနေမည်သို့ရှိရှိ၊ ၎င်းတို့၏ လုပ်ငန်းများကို ရပ်တန့်ကြရသည် - *"ကယ်ဆယ်ရေးသမားတွေက ညမထွက်ရအမိန့်ကြောင့် ည ၁၀ နာရီမှာ အိမ်ပြန်ရတဲ့အတွက် ရှာဖွေရေးကို ဆက်လုပ်လို့မရဘူး ဖြစ်ခဲ့ရတယ်။"* [112] ဤကန့်သတ်ချက်ကြောင့် အဖိုးတန်သော အချိန်များ ကုန်ဆုံးခဲ့ရပြီး ပိတ်မိနေသည့် အသက်ရှင်ကျန်ရစ်သူအချို့၏ သေဆုံးမှုများကို မတားဆီးနိုင်ခဲ့ပါ။ ညမထွက်ရအမိန့် ရုပ်သိမ်းလိုက်ပြီဟူသော ကောလာဟလများ ရှိသော်လည်း စစ်တပ်၏ လှည့်ကင်းများသည် ယုံကြည်စိတ်ချစရာမရှိကြောင်း သိထားကြသောကြောင့် ညဘက်တွင် အန္တရာယ်ဖြစ်နိုင်ချေသိသိလျက်နှင့် သွားလာလှုပ်ရှားသူ အနည်းငယ်သာ ရှိခဲ့သည်။ *"စစ်တပ်ဟာ ဘယ်တော့မှ စကားမတည်ဘူး၊ သူတို့နဲ့ တွေ့ရင်တော့ဖမ်းမှာပဲ"* ဟု အင်တာဗျူးဖြေဆိုခဲ့သော အရပ်ဘက်လူ့အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးက အခိုင်အမာ ပြောဆိုခဲ့သည်။ [113]

## အကျင့်ပျက်ခြစားမှု၏ ဆိုးရွားသည့် အကျိုးဆက်

စစ်တပ်၏ စနစ်တကျ အကျင့်ပျက်ခြစားမှုသည် အရပ်ဘက်လူ့အဖွဲ့အစည်းကို ထိန်းချုပ်သည့် နောက်ထပ် အလွှာတစ်ခု ဖြစ်ခဲ့သည်။ အကူအညီပေးရေးပစ္စည်းပမာဏများစွာ သယ်ယူပို့ဆောင်ရာ၌ စစ်ဆေးရေးဂိတ်များတွင် ငွေအများအပြားကို လာဘ်ထိုးရန် လိုသည်။[114] *"အဆင်ပြေပြေ သွားလာနိုင်ဖို့အတွက် တရားမဝင်ငွေပေးရတာတွေ အများကြီး လုပ်ခဲ့ရတယ်"* ဟု ပြောကြားခဲ့ပြီး၊ ယာဉ်မောင်းများသည် ယာဉ်တစ်စီးလျှင် မြန်မာကျပ်ငွေ သိန်းသုံးဆယ် (အမေရိကန်ဒေါ်လာ ၁,၄၃၆) အထိ လာဘ်ထိုးခဲ့ရကြောင်း မှတ်ချက်ပြုခဲ့သည်။ [115] *"တကယ်လို့ အကူညီပေးရေးအဖွဲ့ထဲမှာ အမျိုးသားဦးရေများများပါရင် ပစ္စည်းတွေကို ထပ်ခါတလဲလဲ ရှာဖွေစစ်ဆေးတာ၊ ငွေပမာဏ ပိုညှစ်ပိုတောင်းတာကို ကြုံရတယ်။"*[116] စစ်ဆေးရေးဂိတ်များကို တာဝန်ယူထားသူများသည် စားနပ်ရိက္ခာမှ ရေအထိ အကူအညီများ၏ တစိတ်တဒေသကို ပေးခဲ့ရန် ပွင့်ပွင့်လင်းလင်း တောင်းဆိုလေ့ရှိရာ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီပေးရေးပစ္စည်းများကို စစ်ပွဲမှ အောင်ပွဲခံသိမ်းပိုက်လာသည့် ပစ္စည်းများသဖွယ် သဘောထားသည့် အာဏာဆက်စပ်မှုကို ပိုမိုအားဖြည့်ခိုင်မာစေခဲ့သည်။ *"သူတို့က 'ဒီထဲက နည်းနည်း ချန်ထားပေးလို့ မရဘူးလား' လို့ ပေါ်တင် တောင်းဆိုကြတယ်။"* [117]

---

[112] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[113] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[114] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[115] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[116] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII7)၊ ဇွန်လ၊ ၂၀၂၅။

[117] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII9)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

စစ်ဆေးရေးဂိတ်များကို တာဝန်ယူထားသူများသည် စားနပ်ရိက္ခာမှ ရေအထိ အကူအညီများ၏ တစိတ်တဒေသကို ပေးခဲ့ရန် ပွင့်ပွင့်လင်းလင်း တောင်းဆိုလေ့ရှိရာ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီပေးရေးပစ္စည်းများကို စစ်ပွဲမှ အောင်ပွဲခံသိမ်းပိုက်လာသည့် ပစ္စည်းများသဖွယ် သဘောထားသည့် အာဏာဆက်စပ်မှုကို ပိုမိုအားဖြည့်ခိုင်မာစေခဲ့သည်။ *"သူတို့က 'ဒီထဲက နည်းနည်း ချန်ထားပေးလို့ မရဘူးလား' လို့ ပေါ်တင် တောင်းဆိုကြတယ်။"*

အကူအညီ ဖြန့်ဝေရေး လုပ်ငန်းစဉ်တွင်လည်း အကျင့်ပျက်ခြစားမှုသည် စစ်တပ်ခေါင်းဆောင်မှုမှ အောက်ခြေဒေသခံ အုပ်ချုပ်ရေးမှူးများအထိ ကူးစက်ပြန့်ပွားနေခဲ့သည်။ [118] *“NGO တွေ၊ ဒါမှမဟုတ် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်လိုမျိုး အဖွဲ့အစည်းတွေက ထောက်ပံ့ရေးပစ္စည်းတွေ အကူအညီပေးဖို့ ကြိုးစားတဲ့အခါ ကျွန်တော်တို့ဟာ အကျင့်ပျက်ခြစားမှုနဲ့ လိမ်လည်မှုတွေအများကြီးကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ခဲ့ရတယ်။”*[119] အထောက်အပံ့အကူအညီအဖြစ် မြန်မာကျပ်ငွေ သိန်းနှစ်ဆယ် (၉၄၃ အမေရိကန်ဒေါ်လာ) ရရှိကြောင်း လက်မှတ်ရေးထိုးပေးခဲ့ရသော်လည်း လက်တွေ့တွင်မူ ကျပ်နှစ်သိန်း (အမေရိကန်ငွေ ၉၄ ဒေါ်လာ) သာ လက်ခံရရှိကြောင်း ကျန်းမာရေးဝန်ထမ်းတစ်ဦးမှ ပြောပြခဲ့သည်။[120] အကျင့်ပျက်ခြစားသည့် အရာရှိများသည် အထောက်အပံ့အကူအညီများအား စစ်တပ်နှင့် အာဏာပိုင်များ၏ မိသားစုများ၊ မိတ်ဆွေများနှင့် စစ်တပ်ထောက်ခံသူများ၊ သို့မဟုတ် လာဘ်ပေးရန် ဆန္ဒရှိသူများကိုသာ ရရှိစေခဲ့သည်။[121] အင်တာဗျူးဖြေဆိုပေးခဲ့သော ကော်ပိုရိတ်လူမှုရေးတာဝန်ခံ (CSR) အရာရှိတစ်ဦးက - *“အရပ်ဘက်အဖွဲ့အစည်းတွေ ဒါမှမဟုတ် နိုင်ငံတကာ အဖွဲ့အစည်းတွေက ငွေသား ကျပ်သုံးသိန်းကနေ ခုနစ်သိန်း [အမေရိကန်ဒေါ်လာ ၁၄၂-၃၃၀] လှူဒါန်းတဲ့အခါ၊ အများစုက မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ဆွေမျိုးတွေဆီကို ဒါမှမဟုတ် ပြည်သူ့စစ်တွေဆီကို ရောက်သွားတာပဲ။ တချို့အရာရှိတွေဆို သူတို့တဝက်ပြန်ရမယ်ဆိုလို့ကတော့ တခြားသူတွေရဲ့ နာမည်ကို ဖြန့်ဝေရေးစာရင်းတွေမှာ ထည့်ပေးဖို့ ပေါ်တင် သဘောတူကြတယ်"* ဟု ရှုံ့ချဖွယ်အကြောင်းအရာကို မျှဝေခဲ့သည်။ [122] ဤသို့စနစ်တကျအမြစ်တွယ်နေသော လာဘ်စားမှုက အကူအညီများကို စစ်တပ်သစ္စာခံများအတွက် ဆုလာဘ်ဖြစ်စေခဲ့ရာ၊ ကူညီထောက်ပံ့မှု

---

[118] စစ်တပ်က ပြုလုပ်သော နိုင်ငံခြားမှ လက်ခံရရှိသော အလှူငွေများ စာရင်းရှင်းတမ်းတွင်  ကျပ်ဘီလီယံ ၁၀၀ ကျော် (အမေရိကန်ဒေါ်လာ ၄၇ သန်း) နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂ သန်း တို့ ပျောက်ဆုံးနေသည်ဟု စွပ်စွဲခံထားရသည်။ ကိုးကား - Blood Money Campaign (2025), “Where did the earthquake relief money go?“; Justice for Myanmar (2025), “At least US$55.8 million in corporate donations made to Myanmar junta since earthquake, risk funding atrocities”.

[119] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[120] The Guardian (2025), “Myanmar junta accused of blocking aid for earthquake victims as airstrikes continue”.

[121] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။.

[122] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

အများစုသည် *"လိုအပ်နေသူများထံသို့ မရောက်ရှိခဲ့"* ဟူသည့် ဝမ်းနည်းဖွယ် အကျိုးဆက်ကို ဖြစ်ပေါ်စေခဲ့သည်။[123]

# သတင်းအမှောင်ချမှုနှင့် ဝါဒဖြန့်ချိမှု

ဘေးအန္တရာယ်တစ်ခုတွင် အချိန်မီပြီး တိကျမှန်ကန်သော သတင်းအချက်အလက်သည် စားနပ်ရိက္ခာနှင့် အမိုးအကာကဲ့သို့ အရေးပါပြီး၊ ထိရောက်သော အရပ်ဘက်လူ့အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် မရှိမဖြစ်လိုအပ်သော စည်းရုံးဆော်သြသည့် လုပ်ငန်းများကိုပါ အထောက်အကူပြုပါသည်။ ဤအပိုင်းသည် ဆက်သွယ်ရေးဖြတ်တောက်မှုကို ပိုမိုဆိုးရွားစေခြင်းဖြင့် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) ၏ ပုဒ်မ ၁၉ အရ အာမခံထားသော သတင်းအချက်အလက်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခွင့်အရေးကို စစ်တပ်က မည်သို့ချိုးဖောက်ခဲ့ကြောင်း စစ်ဆေးထားပါသည်။ ယင်းသည်  အဖြစ်အပျက်များနှင့် ပတ်သတ်ပြီး အများပြောဆိုသည့် အကြောင်းအရာကို ထိန်းချုပ်ခြင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းကို လှုပ်ရှားနိုင်စွမ်းမရှိအောင် ပြုလုပ်ခြင်း၊ နှင့် စစ်တပ်၏ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်မှုများအား လွတ်လပ်စွာ စောင့်ကြည့်လေ့လာမှုမှန်သမျှကို နှိပ်ကွပ်ခြင်း စသည့် လုပ်ရပ်များ၏ အကျိုးသက်ရောက်မှုများပင် ဖြစ်သည်။

## ဆက်သွယ်ရေး ပြိုလဲမှုကို ဖန်တီးခြင်း

ငလျင်လှုပ်ပြီးနောက် အရေးကြီးသည့် ရက်များအတွင်း ဆက်သွယ်ရေးစနစ် လေးပုံတစ်ပုံကျော် ပျက်စီးခဲ့ပြီး၊ ဘေးသင့်ဒေသတစ်လျှောက် အဆက်အသွယ် ပြတ်တောက်သွားစေသည့် ဒစ်ဂျစ်တယ်ဆက်သွယ်ရေး ပြတ်တောက်မှုမှာ ပိုမိုဆိုးရွားခဲ့သည်။ [124] သတင်းထောက်တစ်ဦးမှ *"ဖုန်းတွေ အလုပ်မလုပ်ဘူး"* ဟု ပြောကြားခဲ့ပြီး၊ အခြားတစ်ဦးက *"တစ်ပတ် နှစ်ပတ်လောက် ဖုန်းကောင်းကောင်းပြောလို့ မရခဲ့ဘူး"* ဟု မှတ်ချက်ပြုခဲ့သည်။ [125] အနည်းဆုံး အင်တာနက်ဆက်သွယ်ရေးစခန်း ၉၅ ခု ထိခိုက်ခဲ့ပြီး၊ အင်တာနက်

[123] The Guardian (2025), "Myanmar junta accused of blocking aid for earthquake victims as airstrikes continue".
[124] စစ်တပ်သည် ယခင်ကပင် အတိုက်အခံများ ထိန်းချုပ်ထားသော သို့မဟုတ် တိုက်ပွဲဖြစ်ပွားနေသော ဘေးဒဏ်သင့်ဒေသရှိ အချို့နေရာများတွင် အင်တာနက်အသုံးပြုခွင့်ကို ပိတ်ချထားခဲ့ပြီးဖြစ်သည်။ ဆက်သွယ်ရေးမိုဘိုင်းစခန်း ၂၆,၀၀၀ မှ ၆,၇၃၀ လုံးမှာ ဆက်သွယ်မှု ပြတ်တောက်သွားခဲ့သည်။ ကိုးကား - MWD (2025), "ငလျင်ဒဏ်ကြောင့် ဆက်သွယ်မှု ပြတ်တောက်သွားသော မိုဘိုင်းစခန်းများနှင့် ဆက်သွယ်ရေးစခန်းများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ထား".
[125] သတင်းထောက်တစ်ဦး (KII5)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII7)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

အသုံးပြုနိုင်မှုမှာ လေးရက်မှ ငါးရက်အထိ လုံးဝနီးပါး ပျောက်ကွယ်သွားခဲ့သည်။[126] အခြေခံအဆောက်အအုံများမှာ တပြေးညီပြိုလဲပျက်စီးသွားခြင်း မဟုတ်ဘဲ၊ စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့သော ဒေသများတွင် အဆက်အသွယ် လုံးဝပြတ်တောက်သွားခဲ့သော်လည်း၊ မန္တလေးမြို့ကဲ့သို့သော အခြားဒေသများတွင်မူ ပြတ်တခါရတလှည့်ပုံစံ ဖြစ်နေခဲ့သည်။[127] ဤဆက်သွယ်ရေးပြတ်တောက်မှုသည် စစ်တပ်၏ ရှိနှင့်ပြီးဖြစ်သော ဖုန်းနှင့် အင်တာနက် ဖြတ်တောက်မှုများ၊ လူမှုမီဒီယာပလက်ဖောင်းများနှင့် သတင်းဝက်ဘ်ဆိုက် ပိတ်ဆို့မှုများအပေါ်တွင် ထပ်ဆင့်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။[128] စစ်တပ်သည် မန္တလေးမြို့၏ အချို့နေရာများတွင် ဆက်သွယ်ရေး ဖြတ်တောက်သည့် စက်များ (signal jammers) ကိုလည်း တပ်ဆင်ထားနှင့်ပြီးဖြစ်ရာ၊ လျှော်မလှုပ်မီကတည်းက *"သတင်းအချက်အလက် ရယူသုံးစွဲနိုင်ခွင့်မှာ ခက်ခဲနေခဲ့ပြီးသားဖြစ်သည်။"*[129]

စစ်တပ်သည် ဝန်ဆောင်မှုများ ပြန်လည်စတင်နိုင်ရေးကို သိသိသာသာ ဟန့်တားနှောင့်ယှက်နေသည်ဟူသော စိုးရိမ်ပူပန်မှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့သည်။ ဆက်သွယ်ရေးအော်ပရေတာများသည် ကွန်ရက်များကို ပြုပြင်ရန်အတွက် ဗျူရိုကရေစီအတားအဆီးများကို ရင်ဆိုင်ခဲ့ရကြောင်း သတင်းထွက်နေသည့် တချိန်တည်းမှာပင် စစ်တပ်ပိုင် အော်ပရေတာဖြစ်သော MyTel သည် ပထမဆုံးပြန်လည်စတင်ခဲ့သည့် ဆက်သွယ်ရေးဝန်ဆောင်မှုဖြစ်နေခဲ့ရာ၊ ၎င်းအချက်သည် ပြည်သူများအားဆက်သွယ်ရေးဝန်ဆောင်မှု ပြောင်းလဲအသုံးပြုလာစေရန်အတွက် တွန်းအားပေးသည့် နည်းဗျူဟာတစ်ခုဖြစ်နေမလားဟူသော သံသယများကို ဖြစ်ပေါ်ခဲ့သည်။[130] ဂြိုဟ်တုအင်တာနက်စနစ်များပါ အလုပ်မလုပ်တော့ကြောင်း သတင်းများက ထပ်မံဖော်ပြခဲ့ရာ၊ ယင်းဆက်သွယ်ရေးဖြတ်တောက်မှုက သတင်းအချက်အလက်ထိန်းချုပ်မှုကို ဆက်လက်ပြုလုပ်ရန်အတွက် တမင်ရွေးချယ်ချမှတ်ခဲ့သော မူဝါဒဖြစ်နိုင်ကြောင်း ညွှန်ပြသည်။ [131]

---

126 သတင်းထောက်တစ်ဦး (KII5)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။ ကိုးကား -MWD (2025), "လျှင်ဒဏ်ကြောင့် ဆက်သွယ်မှု ပြတ်တောက်သွားသော မိုဘိုင်းစခန်းများနှင့် ဆက်သွယ်ရေးစခန်းများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ထား".

127 သတင်းထောက်တစ်ဦး (KII1)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII3) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

128 မြန်မာနိုင်ငံ၏ အင်တာနက် လွတ်လပ်ခွင့် အဆင့်သတ်မှတ်ချက်သည် ကမ္ဘာပေါ်တွင် အနိမ့်ဆုံး နိုင်ငံများထဲမှ တနိုင်ငံဖြစ်သည်။ ကိုးကား - Freedom House (2024), "Freedom on the net: Myanmar"; Human Rights Myanmar (2025), "Myanmar's digital coup rigging the election before it begins".

129 အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။ စစ်တပ်က လုံခြုံရေးလိုအပ်ချက်အရဟုအကြောင်းပြပြီး ဆက်သွယ်ရေးလိုင်း ပိတ်ဆို့သည့် signal jammers များကို တပ်ဆင်ခဲ့သည်။

130 သတင်းထောက်တစ်ဦး (KII1)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII9) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

131 သတင်းထောက်တစ်ဦး (KII1)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

## စမ်းတဝါးဝါး အလုပ်လုပ်ကြရခြင်း

ဆက်သွယ်ရေး ပြတ်တောက်မှုကြောင့် အရပ်ဘက်အဖွဲ့အစည်းများသည် မရှိမဖြစ်လိုအပ်သော သတင်းအချက်အလက်များမရဘဲ လုပ်ငန်းဆောင်ရွက်ရမည့်အခြေအနေကို မဖြစ်မနေ ဆိုက်ရောက်ခဲ့သည်။ လိုအပ်ချက်စစ်တမ်းများ ကောက်ယူစစ်ဆေးနိုင်ခြင်းမရှိဘဲ၊ အခြားသော အရပ်ဘက်အဖွဲ့အစည်းမှ ပါဝင်ပတ်သတ်သူများနှင့် ပူးပေါင်းညှိနှိုင်းနိုင်စွမ်းမရှိဘဲ မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်းမှာလည်း မဖြစ်နိုင်တော့ပေ။ ယင်းကို - *"စစ်တပ်ရဲ့ အင်တာနက်ထိန်းချုပ်ကန့်သတ်မှုတွေက ကျွန်တော်တို့အတွက် အခက်အခဲတွေ အများကြီးဖြစ်စေခဲ့တယ်။ လူသားချင်းစာနာမှု အကူအညီပေးရေး လုပ်ငန်းမှာ တိကျတဲ့ သတင်းအချက်အလက် ရရှိဖို့က အရေးအကြီးဆုံးပဲ၊ ဒါပေမဲ့ (သတင်းအချက်အလက်တွေမရလို့) နှောင့်နှေးကြန့်ကြာမှုတွေ အများကြီးကို ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရတယ်"* ဟု ဖြေဆိုသူတစ်ဦးက ပြောသည်။[132] ဤလစ်ဟာမှုကြောင့် တခါတရံ ရှုပ်ထွေးပြီး ထိရောက်မှုမရှိသော ငလျင်ဘေးတုံ့ပြန်ရေးများ လုပ်ဆောင်ဖြစ်စေခဲ့ရာ၊ အင်မတန်လိုအပ်နေသည်ဟုဆိုသော်လည်း စနစ်တကျအတည်မပြုနိုင်သည့် လူမှုမီဒီယာမှ အကူအညီတောင်းဆိုမှုများကြောင့် အချို့ဒေသများတွင် အထောက်အပံ့အကူအညီများ ထပ်နေခဲ့သကဲ့သို့၊ အခြားဒေသများမှာမူ အထောက်အပံ့အကူညီလုံးဝ မရဘဲ လျစ်လျူရှုခံခဲ့ရသည်။[133] *"အင်တာနက်ရနေတဲ့သူတွေက 'ဒီနေရာမှာ အကူအညီလိုတယ်၊ ဟိုနေရာမှာ အကူအညီလိုတယ်' ဆိုပြီး တင်ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရောက်သွားတဲ့အခါ အကူအညီတွေက ပုံနေပြီ၊ ဒီတော့ တချို့နေရာတွေမှာ အကူညီအရင်းအမြစ်တွေ ထပ်နေပြီး တခြားနေရာတွေမှာတော့ အကူအညီတွေ လုံးဝမရောက်တာမျိုး ဖြစ်သွားတယ်"* [134] ဤအခြေအနေသည် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဘေးအပေါ် စစ်တပ်၏ တုံ့ပြန်ဆောင်ရွက်မှု ပျက်ကွက်ခဲ့ခြင်းနှင့် ဆင်တူနေပြီး၊ စစ်တပ်မှ ဆက်သွယ်ရေးကို ဦးစားပေးရန် သို့မဟုတ် ခွင့်ပြုရန်ပင် စဉ်ဆက်မပြတ် ငြင်းဆန်နေသည့် အပြုအမူကို ပေါ်လွင်စေခဲ့သည်။[135]

အရပ်ဘက်အဖွဲ့အစည်းသည် အံ့အားသင့်ဖွယ် ခံနိုင်ရည်ရှိမှုကို ပြသခဲ့ပြီး၊ အန်နာလော့ဂ် (analogue) နည်းလမ်းဟောင်းများနှင့် လုံခြုံမှုအားနည်းသော ဒစ်ဂျစ်တယ် ကိရိယာများကို ပြန်လည်အသုံးပြုခဲ့ကြသည်။ ဆိုင်ကယ်စီး စေတနာ့ဝန်ထမ်းများသည် အပျက်အစီးများ ပြန့်ကျဲနေသော လမ်းမများပေါ်မှ သတင်းအချက်အလက်များကို ကိုယ်တိုင်ကိုယ်ကျ စုဆောင်းပေးသည့် လူသားသတင်းပေးပို့စက်များ သဖွယ် ဖြစ်လာခဲ့ကြသည်။[136] အခြားသူများသည် ခေတ္တခဏမျှဆက်သွယ်မှု ရရှိလေမလားဟူသော

---

[132] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[133] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[134] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[135] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[136] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII7)၊ ဇွန်လ၊ ၂၀၂၅။

မျှော်လင့်ချက်ဖြင့် ဖုန်းဆင်းမ်ကတ်များကို အသည်းအသန် လဲလှယ်သုံးစွဲခဲ့ကြသည်။[137] ကြိုကြား ကြိုကြားချိတ်ဆက်မှုကို ပြန်လည်ရရှိလာသောအခါ စစ်တပ်၏ စောင့်ကြည့်မှု ပိတ်ဆို့ခြင်းများကြောင့် Signal ကဲ့သို့ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ကာကွယ်ပေးသည့် အက်ပ်များကိုပင် အသုံးမပြုနိုင်တော့ဘဲ လူများသည် လုံခြုံမှုအားနည်းသော ပလက်ဖောင်းများဆီသို့ ပြောင်းရွှေ့ အသုံးပြုချိတ်ဆက်ခဲ့ရသည်။ ယင်းအခြေအနေကို - *"ဒါဟာ ကျွန်တော်တို့အနေနဲ့ လုံခြုံမှုအားနည်းတဲ့ ပလက်ဖောင်းတွေကို ရွေးချယ်ပြီး အသုံးပြုရမယ့် အခြေအနေကို ဖြစ်လာစေတာပဲ"* ဟု ဖြေဆိုသူတစ်ဦးမှ ထောက်ပြခဲ့သည်။[138] Facebook ပေါ်ရှိ *"Food Mandalay"* ကဲ့သို့သော ရှိပြီးသား လူမှုကွန်ယက်အဖွဲ့များသည် လူသားချင်းစာနာထောက်ထားမှု အချက်အချာ ယာယီဌာနများ ဖြစ်လာခဲ့ကြပြီး၊ အချို့အဖွဲ့များသည် လူထုလှုပ်ရှားမှုဖြင့် ဒစ်ဂျစ်တယ်ကွာဟချက်ကို ပေါင်းကူးဖြည့်တင်းရန်အတွက် ကျန်းမာရေးဆိုင်ရာ လက်ကမ်းကြော်ငြာများကို ပုံနှိပ်ကာ ကိုယ်တိုင် ကပ်ပေးပါရန် နှိုးဆော်သည့် အွန်လိုင်းကမ်ပိန်းလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ကြသည်။[139]

## ဆင်ဆာဖြတ်တောက်မှု အခြေအနေ

အင်တာနက် ဖြတ်တောက်မှုများနှင့် ပိတ်ဆို့မှုများအပြင် စစ်တပ်သည် ဆက်သွယ်ပြောဆိုမှုကို နှိမ်နင်းဖိနှိပ်ထားပြီး၊ နေရာအနှံ့ လွှမ်းခြုံထားသည့် ကြောက်ရွံ့စရာ ပတ်ဝန်းကျင်တစ်ခုကို ကာလကြာမြင့်စွာကတည်းက ဖန်တီးထားခဲ့ပြီးဖြစ်သည်။[140] ငလျင်လှုပ်ပြီးနောက်တွင် စစ်တပ်နှင့် စစ်တပ်နောက်ခံလူများသည် အကူအညီ လိုအပ်ချက်များကို သိရှိရန်၊ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေသည့် သတင်းမှားများကို တန်ပြန်ရန်အတွက် မဟုတ်ဘဲ၊ *"စစ်တပ်၏ ငလျင်ဘေးတုံ့ပြန်မှုကို မည်သူက ဝေဖန်နေသလဲဆိုသည်ကို ရှာဖွေဖော်ထုတ်ရန်"* အတွက် လူမှုမီဒီယာများကို တက်ကြွစွာ စောင့်ကြည့်လေ့လာခဲ့ကြသည်။[141] ဝေဖန်သူများသည် စစ်တပ်နောက်ခံလူများမှ *"ကိုယ်ရေးအချက်အလက်များ ဖော်ထုတ်ခြင်းကိုခံခဲ့ရပြီး"* အကြမ်းဖက်ဖမ်းဆီးမည်ဟု ခြိမ်းခြောက်ခံခဲ့ရသည်။[142] ၎င်းသည် မိမိဘာသာဆင်ဆာ

---

137 သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

138 အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

139 အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦး (KII10) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

140 Article 19 (2025), "Myanmar: Earthquake shows why freedom of expression must be protected".

141 အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

142 Doxing ဆိုသည်မှာ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မကောင်းသောရည်ရွယ်ချက်ဖြင့် လူသိရှင်ကြား ထုတ်ပြန်ခြင်းဖြစ်သည်။ "ဟန်ငြိမ်းဦး" နှင့် "ကိုသက်" ကဲ့သို့သော ပရိတ်သတ်သန်းနှင့်ချီရှိသည့် စစ်တပ်နောက်ခံ လူမှုမီဒီယာချန်နယ်များက စစ်တပ်၏ ငလျင်တုံ့ပြန်ပုံအား ဝေဖန်သူများကို ဖမ်းဆီးရန် တောင်းဆိုခဲ့သည်။ ကိုးကား - Myanmar Now (2025), "ငလျင်ကယ်ဆယ်ရေးအတွက် သဘောထားကွဲလွဲသူများကို ဖမ်းဆီးရန်စစ်တပ်ပြင်ဆင်".

ဖြတ်တောက်မှုကို ကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်စွာ ဖြစ်ပေါ်စေခဲ့သည်- *"စစ်တပ်က လျှော်ဘေးသင့်သူတွေကို ကူညီဖို့ ဘာမှမလုပ်ဘူးဆိုပြီး မန္တလေးမြို့မှာ ဘယ်သူမှ မတင်ရဲကြတော့ဘူး။"*[143] အကျင့်ပျက်ခြစားမှုများ ကြီးထွားနေသော်လည်း အပြစ်ပေးအရေးယူခံရမည်ကို စိုးရိမ်သောကြောင့် *"ဘယ်သူမှ လူမှုကွန်ယက်ပေါ်မှာ မတင်ရဲဘူး"* ဟု အင်တာဗျူးဖြေဆိုခဲ့သော အခြားအရပ်ဘက်အဖွဲ့အစည်း ဝန်ထမ်းတစ်ဦးမှ မှတ်ချက်ပြု ပြောဆိုခဲ့သည်။[144] စစ်တပ်က စောင့်ကြည့်နေပြီး အငြိုးအတေးထားတတ်ကြောင်း သိထားသည့်အတွက် အရပ်ဘက်အဖွဲ့အစည်းများသည်လည်း ထောက်ပြပြောဆိုရန် ကြောက်ရွံ့ခဲ့ကြသည် - *"လူမှုကွန်ယက်ပေါ် တင်ပြီးပြောဖို့ ကြိုးစားရင် သေချာပေါက် အဖမ်းခံရမှာပဲ။"* [145] အွန်လိုင်းတွင် ပေါ်ထွက်လာသည့် စစ်တပ်ကို ဝေဖန်မှုများသည် များသောအားဖြင့် အမည်မသိ အကောင့်များ သို့မဟုတ် ပြည်ပရောက် မြန်မာများထံမှ လာလေ့ရှိပြီး၊ ၎င်းမှာ *"ပြည်သူလူထု၏ ကြောက်ရွံ့မှုကို ညွှန်ပြနေသော ရှင်းလင်းသည့် အချက်တစ်ချက်"* ဖြစ်ပါသည်။ [146]

စစ်တပ်သည် ရုပ်သံထုတ်လွှင့်သူအားလုံးအပေါ် ထိန်းချုပ်ထားခြင်းနှင့် လွတ်လပ်သော မီဒီယာများကို တိုက်ခိုက်ခြင်းတို့မှတဆင့်လည်း ၎င်းတို့၏ ဆင်ဆာဖြတ်တောက်မှုကို အားထားလုပ်ဆောင်ခဲ့သည်။[147] စစ်တပ်ထိန်းချုပ်ထားသော ရုပ်မြင်သံကြားနှင့် ရေဒီယိုလိုင်းများမှာ လွတ်လပ်ခွင့်ရပြီး၊ ငလျင်တုံ့ပြန်မှုတွင် စစ်တပ်သည် အရည်အချင်းရှိပြီး အခြေအနေကို ထိန်းချုပ်ထားနိုင်ကြောင်း ပုံဖော်သည့် သတင်းများများနှင့် ဝါဒဖြန့်ချိမှုများကို စဉ်ဆက်မပြတ် ထုတ်လွှင့်ခဲ့ကြသည်။[148] ၎င်းမီဒီယာများသည် အမှန်တကယ် ငလျင်ဗဟိုချက်ဖြစ်သည့် အတိုက်အခံတော်လှန်ရေးတပ်များ ထိန်းချုပ်ထားသော စစ်ကိုင်းတိုင်းဒေသကြီးအား နိုင်ငံတကာမှ အာရုံမစိုက်ကြစေရန်နှင့် နိုင်ငံတကာကူညီကယ်ဆယ်ရေးများကို လမ်းကြောင်း

---

[143] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[144] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[145] အရပ်ဘက်အဖွဲ့အစည်း လုပ်သားတစ်ဦး (KII3)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ယူခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[146] ၊အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[147] ICNL (2025), "Journalist Detentions in Myanmar".

[148] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။ အမေရိကန်အစိုးရသည် ၂၀၂၅ ခုနှစ်တွင် Voice of America (VOA) နှင့် Radio Free Asia (RFA) တို့၏ ရန်ပုံငွေများကို ဖြတ်တောက်ခဲ့ရာ၊ ၎င်းတို့သည် မကြာမီတွင် မြန်မာဘာသာအစီအစဉ်များကို ရပ်ဆိုင်းခဲ့သည်။ ၎င်းတို့နေရာတွင် BBC က မြန်မာဘာသာဖြင့် ထုတ်လွှင့်မည့် ဂြိုဟ်တုရုပ်သံလိုင်းအသစ်တစ်ခုကို ကြေညာခဲ့ပြီး၊ DVB ကလည်း အဆိုပါ ဟာကွက်ကို ဖြည့်ဆည်းရန်အတွက် လှိုင်းတိုရေဒီယိုအစီအစဉ်ကို စတင်ထုတ်လွှင့်ခဲ့သည်။ ကိုးကား - BBC (2025), "BBC News Burmese launches on direct-to-home video channel in the aftermath of Myanmar earthquake"; DVB (2025), "DVB Radio is back on the airwaves inside Myanmar"; Human Rights Myanmar (2025), "Disinformation as a weapon in Myanmar".

လွဲရန် ဘေးအန္တရာယ်ကို *"မန္တလေးလျှင်"* ဟု အမည်ပြောင်းလဲဖော်ပြရန်ပင် ကြိုးပမ်းခဲ့ကြသည်။[149] ၎င်းတို့သည် ဒေသခံလူထုအား ပြိုကျပျက်စီးနေသည့်နေရာများကို အတင်းအကျပ် သန့်ရှင်းရေးလုပ်စေခဲ့ပြီး၊ စစ်တပ်ခေါင်းဆောင်များနှင့် အသက်ရှင်ကျန်ရစ်သူများ တွေ့ဆုံသည့် စီစဉ်ဖန်တီးထားသောဓာတ်ပုံများကို ရိုက်ကူးခဲ့ကြသည်။[150] အရပ်ဘက်လူ့အဖွဲ့အစည်းကို ရုပ်သံထုတ်လွှင့်မှုများမှ အများအားဖြင့် ချန်လှပ်ထားခြင်း သို့မဟုတ် ဖယ်ရှားပစ်ခြင်းအားဖြင့် အကူအညီပေးရေးတွင် အဓိကထောက်ပံ့သူဖြစ်သည့် ၎င်းတို့၏ အခန်းကဏ္ဍကို ထိထိရောက်ရောက် ဖုံးကွယ်ထားခဲ့သည်။[151] *"အမျိုးသားနိုင်ငံရေးတွင် စစ်တပ်၏ခေါင်းဆောင်မှုကို ထောက်ခံအားပေးလာအောင် တိုက်တွန်းရန်"* နှင့် *"ပြည်သူလူထု ရင်ဆိုင်နေရသော အခက်အခဲအားလုံးသည် ဆန့်ကျင်ဘက်တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာပိတ်ဆို့မှုများနှင့် အဖျက်သမားမီဒီယာများကြောင့် ဖြစ်ကြောင်း ပြည်သူများ နားလည်စေရန်"* စသည့် အပြစ်လွှဲချရန်ရည်ရွယ်ထားသည့် စစ်တပ်ဦးစားပေးအစီမံသစ်တို့ကို နောက်ပိုင်းတွင် သဘာဝဘေးကော်မတီမှ တဆင့် စနစ်တကျ ဝါဒဖြန့်ဆောင်ရွက်လာခဲ့သည်။[152]

တချိန်တည်းမှာပင် နိုင်ငံတကာသတင်းထောက်များကို ဘေးဒဏ်သင့်နယ်မြေသို့ ဝင်ရောက်သတင်းယူခွင့်မှ ပိတ်ပင်ခဲ့ရာ ၎င်းသည် *"စာနယ်ဇင်းလွတ်လပ်ခွင့်ကို ရှင်းရှင်းလင်းလင်း ချိုးဖောက်ခြင်း"* ဖြစ်ပြီး၊ လွတ်လပ်သော မီဒီယာများတွင် လုပ်ကိုင်နေသည့် ဒေသခံသတင်းထောက်များမှာမူ သတင်းယူတင်ပြနေစဉ်အတွင်း အကြမ်းဖက်ခံရခြင်းနှင့် ဖမ်းဆီးခံရခြင်းစသည့် အကြီးမားဆုံးသော အန္တရာယ်များကို ရင်ဆိုင်ခဲ့ရသည်။[153] အများစုသည် လျှို့ဝှက်စွာလှုပ်ရှားခဲ့ကြပြီး၊ အချို့က ငလျင်ကူညီကယ်ဆယ်ရေး ဝန်ထမ်းအ

---

[149] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။ ငလျင်ဗဟိုချက်သည် စစ်ကိုင်းမြို့၏ အရှေ့မြောက်ဘက် ၁၅.၄ ကီလိုမီတာအကွာ စာရေးရွာ အပြင်ဘက်၊ မြောက်လတ္တီတွဒ် ၂၂.၀၁၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅.၉၃၆ ဒီဂရီတွင် တည်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး သည် မြန်မာနိုင်ငံတွင် အတိုက်အခံလှုပ်ရှားမှုများ၏ ဗဟိုချက်အဖြစ် လူသိများသည်။ စစ်တပ်ထိန်းချုပ်ထားသော မန္တလေးမြို့သည် ငလျင်ဗဟိုချက်၏ အရှေ့ဘက် ၁၅.၇ ကီလိုမီတာအကွာ ဧရာဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသည်။ ကိုးကားရန် - Ministry of Information (2025), "ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ".

[150] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[151] လူ့အခွင့်အရေး ကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။

[152] အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ဇွန်လ ၁၀ ရက်နေ့တွင် သာယာဝပြော၍ ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းများ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ကို ဖွဲ့စည်းခဲ့ပြီး၊ ၎င်းအား မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းစဉ်အသစ်များစွာကို ပေးအပ်ခဲ့သည်။ ကိုးကား - The Mirror (2025), "11 July 2025".

[153] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။. အန္တရာယ်နှင့် နေရာထိုင်ခင်း မလုံလောက်မှုတို့ကို အကြောင်းပြကာ စစ်တပ်က နိုင်ငံခြားသတင်းထောက်များ၏ ဗီဇာလျှောက်ထားမှုများကို ပယ်ချခဲ့သည်။ ကိုးကား- IPCM (2025), "Statement on Urging Free Press Access"; Index on Censorship (2025), "Myanmar's deadly earthquake highlights the country's media restrictions"; Columbia Journalism Review (2025), "An Earthquake and a Perfect Storm in Myanmar".

ဖြစ် ဟန်ဆောင်ခဲ့ကြသည် - *"ကျွန်တော်ဆိုရင် အရပ်ဘက်အဖွဲ့အစည်းကပါလို့ ရေးထားတဲ့ ဆိုင်းဘုတ်ကို ကားပေါ်မှာတောင် တပ်ထားရတယ်။"*[154] စစ်တပ်၏ မြို့တော်ဖြစ်သော နေပြည်တော် အပါအဝင် အရေးကြီးသော နေရာများနှင့် အကြီးစား ပြိုကျပျက်စီးမှုများ ဖြစ်ပွားထားသည့် ပတ်ဝန်းကျင်နေရာများသို့ ဝင်ရောက်ခွင့်ကို လုံးဝပိတ်ဆို့ထားခဲ့ရာ *"ယင်းနေရာများတွင် ထိခိုက်သေဆုံးသူ အရေအတွက် မည်မျှရှိနေကြောင်း တိကျသည့် သတင်းအချက်အလက်ကို ယခုထိတိုင် မသိရှိကြရသေးပါ။"*[155] အချို့သော မီဒီယာများသည် သတင်းအချက်အလက်အတွက် အတည်မပြုနိုင်သည့် လူမှုကွန်ယက်ပေါ်မှ အကြောင်းအရာများပေါ်တွင်သာ မှီခိုအားထားရန်မှအပ အခြားမရှိပေ - *"ကျွန်တော်တို့အတွက် အဓိကသတင်းအရင်းအမြစ်က ပြည်သူလူထုနဲ့ ကယ်ဆယ်ရေးလုပ်သားတွေ တင်ထားတဲ့ အကြောင်းအရာတွေလောက်ပဲ ရှိတယ်။"* [156]

# လူသားချင်းစာနာမှုအား ရာဇဝတ်မှုမြောက်စေခြင်း

ငလျင်လှုပ်ပြီးနောက်တွင် စစ်တပ်သည် အထောက်အပံ့အကူအညီများကို ဟန့်တားခြင်းမှသည် ကူညီကယ်ဆယ်ရန် ကြိုးစားသူများကို တက်ကြွစွာ ပစ်မှတ်ထားခြင်းနှင့် တရားစွဲဆိုခြင်းအထိ တိုးမြှင့်လုပ်ဆောင်ခဲ့ကြသည်။ အကြမ်းဖက်ခြင်းနှင့် မတရားဖမ်းဆီးခြင်းတို့မှတဆင့် ICCPR ၏ ပုဒ်မ ၆ နှင့် ၉ တွင် အကာကွယ်ပေးထားသော အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှုဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များကို တရားစွဲဆိုသည့် စစ်တပ်၏နည်းဗျူဟာကို ဤအပိုင်းတွင် အသေးစိတ်ဖော်ပြထားသည်။ စစ်တပ်သည် တဦးချင်းကို ပစ်မှတ်ထားခြင်းဖြင့် အခြေခံလူသားဆန်မှုကိုပင်လျှင် နိုင်ငံတော်အပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် တရားစွဲဆိုနိုင်ရာ၊ ဘာတခုမျှမလုပ်ရဲလောက်အောင် သက်ရောက်စေသည့် အကြောက်တရားမျိုးကို စနစ်တကျသွင်းပေးခဲ့သည်။

---

[154] BBC မှ နိုင်ငံခြား သတင်းထောက်တစ်ဦးသည် ဘေးဒဏ်သင့်ဒေသသို့ ဝင်ရောက်ခွင့် ရခဲ့သည်။ သတင်းထောက်တစ်ဦး (KII1)၊ သတင်းထောက်တစ်ဦး (KII5) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[155] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

[156] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

## ကူညီခြင်းကြောင့် ပြန်ရခဲ့သော အကြမ်းဖက်မှုများ

အရပ်ဘက်အဖွဲ့အစည်း၏ ငလျင်ဘေးတုံ့ပြန်မှုသည် စစ်တပ်၏ အဆက်မပြတ် ခြိမ်းခြောက်နေသည့် စောင့်ကြည့်မှုများကြားမှပင် ပေါ်ထွက်လာခဲ့သည်။ ငလျင်ဘေးအတွက် တာဝန်ပေးအပ်ခြင်းခံရသော ဗိုလ်ချုပ်ကြီးအဆင့်ရှိ အရာရှိများသည် *"အရပ်သားများအပေါ် အကြမ်းဖက်မှုအတွက် နာမည်ဆိုးထွက်နေသူများဖြစ်ပြီး၊ သဘာဝဘေးစီမံခန့်ခွဲမှုတွင် အတွေ့အကြုံ လုံးဝမရှိကြသူများ"* ဖြစ်သည်။ [157] ၎င်းတို့သည် ခြိမ်းခြောက်သည့် အပြုအမူကို ချက်ချင်းဆိုသလို လုပ်ဆောင်ခဲ့သည်- "အလှူရှင်တွေနဲ့ စေတနာ့ဝန်ထမ်းတွေကို စစ်မေးတာတွေ၊ ခြောက်လှန့်တာတွေလုပ်တော့ လူတွေက ထပ်ပြီးလာလှူချင်စိတ်မရှိကြတော့ဘူး၊ ကူညီကယ်ဆယ်ရေးတွေ အလုပ်မဖြစ်တော့ဘူးပေါ့။"[158] စစ်တပ်သည် ထောက်လှမ်းရေး အရာရှိများကို *“စေတနာ့ဝန်ထမ်းတွေ ဘယ်ကလာလဲ၊ ဘယ်သွားလဲ၊ ဘာလှူလဲ၊ တစ်ဦးချင်းလား ဒါမှမဟုတ် အဖွဲ့လိုက် လှူတာလား”* စသည်တို့ကို မှတ်တမ်းတင်ရန်လည်း တာဝန်ပေးခဲ့သည်။[159]

လက်နက်ကိုင် စစ်သားများ အများအပြား ရှိနေခြင်းက ပျံ့နှံ့နေသော ကြောက်ရွံ့စရာ ပတ်ဝန်းကျင်ကို ဖန်တီးခဲ့သည်။[160] *“ဒီလိုအချိန်မျိုးမှာ ဘယ်သူကမှ ဘယ်သူ့ကို တိုက်ခိုက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ စစ်သားတွေကတော့ အမြဲတမ်း သေနတ်တွေနဲ့ ကယ်ဆယ်ရေးသမားတွေကို ‘စောင့်ကြပ်’ နေတတ်တယ်။ သူတို့ ဘာကို စောင့်ကြပ်နေသလဲတော့မသိဘူး။”*[161] ယင်းမှာ ကယ်ဆယ်ရေးအဖွဲ့များသည် မည်သည့်အချိန်တွင်မဆို ၎င်းတို့အား ပစ်မှတ်ထားခံရနိုင်သည်ဟူသော အန္တရာယ်ကြီးကို အမြဲတစေ သတိကြီးကြီးထားပြီး ကယ်ဆယ်ရေးများကို ဆောင်ရွက်ခဲ့ရသည်ဟု ဆိုလိုသည်။[162] အနည်းဆုံး ၎င်းသည် အနိုင်ကျင့်နှောင့်ယှက်ခြင်း ဖြစ်သည်။[163] *“သူတို့ ရောက်လာတဲ့အခါတိုင်း အဆင့်အမြင့်ဆုံးအရာရှိကနေ အနိမ့်ဆုံးစစ်သားအထိ တစ်ယောက်ချင်းစီက အာဏာပြတယ်။”* [164]

---

[157] စစ်တပ်သည် ဒုတိယ ဗိုလ်ချုပ်ကြီးများဖြစ်ကြသော မျိုးမိုးအောင်၊ သက်ပုံ၊ နိုင်နိုင်ဦးနှင့် ဘုန်းမြတ်တို့ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အသီးသီး တာဝန်ချပေးခဲ့သည်။ ၎င်းတို့အားလုံးသည် အရပ်သားများအပေါ် ပြင်းထန်သော ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသူများ ဖြစ်ကြပြီး၊ အများစုမှာ ဥရောပသမဂ္ဂ (EU) နှင့် ကနေဒါနိုင်ငံတို့၏ ပိတ်ဆို့အရေးယူမှုများ ခံထားရသူများလည်း ဖြစ်သည်။ လူ့အခွင့်အရေးကာကွယ်သူတစ်ဦးနှင့် အင်တာဗျူး (KII11)၊ ဇွန်လ၊ ၂၀၂၅။

[158] DVB (2025), “စစ်ကိုင်းငလျင်ပြန်လည်ထူထောင်ရေး ဒုဗိုလ်ချုပ်ကြီးသက်ပုံကို တာဝန်ပေး”.

[159] DVB (2025), “Regime blocks aid groups from providing relief to earthquake survivors in central Myanmar”.

[160] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[161] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[162] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[163] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

[164] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

ဤကြောက်ရွံ့မှုသည် စစ်တပ်လိုလားသူ ပြည်သူ့စစ်များက မကြာခဏ ကျူးလွန်သည့် တိုက်ရိုက်နှင့် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်လုပ်ရပ်များကြောင့် ပိုမိုခိုင်မာလာခဲ့သည်။ ထိုအဖွဲ့များက ၎င်းတို့ကို အပြစ်ပေးခံရခြင်းလုံးဝမရှိဘဲ လွတ်လပ်စွာ လည်ပတ်လုပ်ကိုင်နိုင်သော မည်သူမျှမဝင်ရသည့် တားမြစ်နယ်မြေ (no-go zones)များကို သတ်မှတ်ခဲ့ကြသည်။[165] ဖြစ်စဉ်တစ်ခုတွင် အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးသည် ကူညီကယ်ဆယ်ရေးပစ္စည်းဝယ်ယူရင်း ၎င်းတားမြစ်နယ်မြေထဲသို့ မတော်တဆ ဖြတ်ကျော်ဝင်ရောက်မိရာ၊ ပြည်သူ့စစ်နှင့် ရဲများ၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရသည် - *"သူ့ကို မဝင်နဲ့လို့ မတားဘဲ၊ ရဲနဲ့ ပြည်သူ့စစ်က ဖမ်းပြီး ရိုက်နှက်ခဲ့တယ်။ သေနတ်ဒင်တွေနဲ့ ထုတယ်၊ ကန်တယ်၊ လက်သီးတွေနဲ့ ထိုးကြတယ်။ သူ့ကျောမှာ ဒဏ်ရာရပြီး ဆေးရုံမှာ တစ်ပတ်ကြာ တက်ခဲ့ရတယ်။"* [166] စစ်တပ်သည် မန္တလေးမြို့သို့ မောင်းနှင်လာနေသော တရုတ်ကြက်ခြေနီယာဉ်တန်းကို အော်တိုမက်တစ် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအပါအဝင် နိုင်ငံတကာအဖွဲ့များကိုလည်း တိုက်ခိုက်ခဲ့သည်။[167]

## အရပ်ဘက်အဖွဲ့အစည်းကို ဖမ်းဆီးခြင်း

အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ငလျင်ဘေးသင့်နယ်မြေ အတွင်း၌ရော အပြင်ဘက်၌ပါ အထိတ်တလန့်ဖြစ်လောက်အောင် မကြာခဏဆိုသလို မတရားဖမ်းဆီး ခံကြရသဖြင့်၊ ဖမ်းဆီးခံရနိုင်သည့်ခြိမ်းခြောက်မှုသည် အကူအညီပေးရေးလုပ်ငန်းများကို နှိပ်ကွပ်ရာတွင် စစ်တပ်ကအသုံးပြုသော အစွမ်းအထက်ဆုံး ကိရိယာများအနက်မှ တစ်ခုဖြစ်ခဲ့သည်။[168] မန္တလေးမြို့တွင် အလှူပစ္စည်းများ ဖြန့်ဝေနေသည့် လူငယ် (၅) ဦးသည် စွဲချက်တင်ခံရခြင်းမရှိဘဲ ဖမ်းဆီးခံခဲ့ရပြီး၊ ဥပဒေ အကြံဉာဏ်ရယူခွင့်ကိုလည်း ငြင်းပယ်ခံခဲ့ရသည်။ [169] ငလျင်ဘေးဒဏ်သင့်ဒေသ နောက်တနေရာတွင် သံဃာနှစ်ပါးပါဝင်သော ဆေးကုသရေးအဖွဲ့တစ်ဖွဲ့ကို ဖမ်းဆီးခဲ့သည်။ [170] ငလျင်ဘေးဒဏ်သင့်ဒေသနှင့် အလှမ်းကွာဝေးသော ရန်ကုန်မြို့တွင် လူငယ် (၈) ဦးသည် ခွင့်ပြုချက်မရှိဘဲ ရန်ပုံငွေရှာဖွေမှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး၊ ၎င်းတို့၏ အလှူငွေများကိုလည်း *"သိမ်းဆည်းခံ"* ခဲ့ရကာ နောက်နောင် ရန်ပုံငွေ မရှာဖွေတော့ပါဟု ရေးသားထားသော ကတိပြုထွက်ဆိုချက်တွင် ခံဝန်ထိုးရန် အတင်းအကျပ်

---

[165] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

[166] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII7)၊ ဇွန်လ၊ ၂၀၂၅။

[167] BBC (2025), "[Myanmar military fires on convoy bringing aid to earthquake-hit regions]".

[168] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[169] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII7)၊ ဇွန်လ၊ ၂၀၂၅။ အစီရင်ခံစာထုတ်ဝေသည့် အချိန်အထိ ဖမ်းဆီးခံထားရသူများသည် စွဲချက်တင်ခံရခြင်း ရှိ၊ မရှိ သို့မဟုတ် လွှတ်ပေးခံရခြင်း ရှိ၊ မရှိကိုမူ မရှင်းလင်းပေ။

[170] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။ အစီရင်ခံစာထုတ်ဝေသည့် အချိန်အထိ ဖမ်းဆီးခံထားရသူများသည် စွဲချက်တင်ခံရခြင်း ရှိ၊ မရှိ သို့မဟုတ် လွှတ်ပေးခံရခြင်း ရှိ၊ မရှိကိုမူ မရှင်းလင်းပေ။

စေခိုင်းခံခဲ့ရသည်။[171] လျှောက်လှုပ်ပြီး နှစ်လကြာသည်အထိ ဖမ်းဆီးထိန်းသိမ်းမှုများ ဆက်လက်ဖြစ်ပေါ် နေခဲ့သည်။[172]

လူ့အဖွဲ့အစည်းအတွင်းရှိ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ကြောက်ရွံ့မှုကို အနက်ရှိုင်းဆုံးပျံ့နှံ့အမြစ်တွယ်လာစေရန် လှုပ်ရှားတက်ကြွမှု သမိုင်းကြောင်းရှိသူများကို ပစ်မှတ်ထားကာ မကြာခဏ မဟာဗျူဟာမြောက် ဖမ်းဆီးလေ့ရှိသည်။[173] အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးသည် စစ်ဆေးရေးဂိတ်တစ်ခုတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည် - *"သူ့မှာ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့လုပ်ငန်းတွေ လုပ်ဖူးတဲ့မှတ်တမ်းရှိတယ်ဆိုတာကို သိသွားတော့ ဖမ်းလိုက်တာပဲ။ ခုထိ ပြန်မလွှတ်ပေးသေးဘူး။"* [174] စစ်တပ်သည် ၎င်း၏ စစ်မှုထမ်းဥပဒေကို အသုံးချ၍လည်း လူငယ်စေတနာ့ဝန်ထမ်းများ၏ အင်အားစုစည်းမှုကို ဖြိုခွဲခဲ့သည်။ အာဏာပိုင်များ၏ အာရုံစိုက်မှုကိုခံရလျှင် အတင်းအကျပ် စစ်မှုထမ်းရမည်ကို ကြောက်ရွံ့ခြင်းက *"ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်သည့် လူငယ်များ၏ ဒေသအလိုက် လျှင်မြန်တုံ့ပြန်ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။"* [175]

ဖမ်းဆီးခံရမည့်အရေးကို ကြောက်ရွံ့ခြင်းကြောင့် အရပ်ဘက်အဖွဲ့အစည်းများသည် ကူညီကယ်ဆယ်ရေးကို စိတ်ပျက်အားလျှော့လာကြသည် - *"ကျွန်တော်တို့ရဲ့ စေတနာ့ဝန်ထမ်းတစ်ဦးက ထောက်ပံ့ရေးပစ္စည်းတွေလိုက်ဝေနေတုန်း စစ်သားတွေက တားပြီး ဘယ်အဖွဲ့အစည်းကလဲ ဘာညာနဲ့ မှတ်ပုံတင် စာရွက်စာတမ်းတွေ တောင်းသလို၊ ကျွန်တော်တို့ရဲ့ အလှူရှင်တွေအကြောင်းပါ စစ်ဆေးလာတယ်။ စေတနာ့ဝန်ထမ်းတွေလည်း ကိုယ့်လုံခြုံရေးအတွက် အရမ်းစိုးရိမ်လာကြတော့ လိုက်လှူဖို့ သူတို့စုဆောင်းထားသမျှပစ္စည်းတွေ အကုန်လုံးကို ထားပစ်ခဲ့ပြီး အလုပ်လုပ်တာကို ရပ်လိုက်ကြရတယ်။"* [176] အင်တာဗျူးဖြေဆိုခဲ့သော အခြားသတင်းသမားတစ်ဦးကလည်း ဖမ်းဆီးခံခဲ့ရပြီးနောက် ငါးနာရီကြာ စစ်ဆေးမေးမြန်း

---

[171] ရန်ကုန်မြို့တွင် အလှူငွေကောက်ခံသော စေတနာ့ဝန်ထမ်းများကို ဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့၏ အလှူငွေများကိုလည်း သိမ်းဆည်းခဲ့သည်။ ၎င်းတို့သည် အာမခံဖြင့် ပြန်လည်မလွှတ်မီ နာရီပေါင်းများစွာ စစ်ဆေးမေးမြန်းခံခဲ့ရပြီး၊ နောက်ထပ် ရန်ပုံငွေ လုံးဝမကောက်ခံတော့ကြောင်း လက်မှတ်ရေးထိုးရန် အတင်းအကျပ် ခိုင်းစေခံခဲ့ရသည်။ ကိုးကား - Mizzima (2025), "ရန်ကုန်တွင် ငလျင်ဘေးကူညီရန် အလှူငွေကောက်ခံနေသည့် လူငယ်အဖွဲ့ ဖမ်းဆီးစစ်ဆေးခံရ".

[172] စစ်တပ်သည် မေလနှောင်းပိုင်းတွင် "Phoenix Myanmar" အမည်ရှိ ရန်ပုံငွေပန်းချီပြပွဲကို ဝင်ရောက်စီးနင်းခဲ့ပြီး၊ စေတနာ့ဝန်ထမ်းနှင့် ပန်းချီဆရာငါးဦးကို ဖမ်းဆီးကာ ပြပွဲကို ပိတ်ပစ်ခဲ့သည်။ ကိုးကား - Myanmar Now (2025), "ငလျင်ဒဏ်သင့် မန္တလေးတွင် အဖမ်းအဆီးနှင့် စစ်ဆေးမှုများ ဆက်ရှိနေ".

[173] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[174] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII4)၊ ဇွန်လ၊ ၂၀၂၅။ အစီရင်ခံစာထုတ်ဝေသည့်အချိန်အထိ ဖမ်းဆီးခံထားရသူများသည် စွဲချက်တင်ခံရခြင်း ရှိ၊ မရှိ သို့မဟုတ် လွှတ်ပေးခံရခြင်း ရှိ၊ မရှိကိုမူ မရှင်းလင်းသေးပေ။

[175] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[176] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

ခံခဲ့ရပြီး၊ နှုတ်ဆိတ်နေပါမည်ဟု ကတိပြုကြောင်း ခံဝန်တစ်ခုကို အတင်းအကျပ် လက်မှတ်ထိုးခိုင်းပြီးမှသာ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း ပြောပြခဲ့သည်။[177]

## အကူအညီပေးခြင်းကို နိုင်ငံရေးရာဇဝတ်မှုအဖြစ် ပုံဖော်ခြင်း

စစ်တပ်၏ မဟာဗျူဟာတွင် အဓိကကျသော အချက်တစ်ချက်မှာ အရပ်ဘက်အဖွဲ့အစည်း၏ လုပ်ငန်းများကို နိုင်ငံရေး သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ လုပ်ရပ်အဖြစ် တရားမဝင်အောင် ဖန်တီးပုံဖော်ခြင်းဖြစ်ပြီး၊ ယင်းလုပ်ရပ်က ၎င်းတို့၏ ဖိနှိပ်မှုကို တရားမျှတကြောင်း ဆင်ခြေပေးနိုင်ရန် အထောက်အကူဖြစ်ခဲ့သည်။ ဖမ်းဆီးခံရသူများမှာ၂၀၂၂ အသင်းအဖွဲ့ဥပဒေ သို့မဟုတ် သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေတို့ဖြင့် စွဲချက်တင်ခံရခြင်း နည်းပါးသော်လည်း ပိုမိုပြင်းထန်ပြီး နိုင်ငံရေးရည်ရွယ်ချက်ပါသည့် စွဲချက်များဖြင့်သာ စွဲချက်တင်ခံခဲ့ကြရသည်။[178] အင်တာဗျူးဖြေဆိုခဲ့သော အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦး ပြောကြားခဲ့သည်မှာ ၎င်းတို့သည် အွန်လိုင်းပေါ်မှ စစ်တပ်နောက်ခံပုဂ္ဂိုလ်များ၏ ပစ်မှတ်ထားခံရခြင်း သို့မဟုတ် *"လိုက်လံရှာဖွေခံရခြင်း"* များကို ကြုံတွေ့ခဲ့ရသည်။ [179] *"လျှောင်လှုပ်ပြီးနောက် ကူညီလို့ ဖမ်းတာပါလို့ စစ်တပ်က ပြောမှာ မဟုတ်ဘူး။ သူတို့က ဒါကို နိုင်ငံရေး အသာစီးရအောင် အသုံးချပြီး တခြားစွဲချက်တစ်ခုခုနဲ့ တရားစွဲမှာပဲ။"* [180]

အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းများသည် မတရားအသင်း အက်ဥပဒေ (၁၉၀၈) နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ (၂၀၁၄) ကဲ့သို့သော ကန့်သတ်ချုပ်ချယ်သည့် ဥပဒေများအောက်တွင် စွဲချက်တင်ခံခဲ့ရပြီး၊ စွဲချက်တစ်ခုစီအတွက် ထောင်ဒဏ် အနှစ် ၂၀ အထိ ချမှတ်ခံရနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထိရောက်သောအကူအညီများ ပေးဝေရန်အတွက် ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်လေ့ရှိသည့်အချက်ကို စစ်တပ်က အသုံးချခဲ့သည်။ ထိုဒေသခံအဖွဲ့အစည်းအချို့သည် အတိုက်အခံတော်လှန်ရေးအဖွဲ့နှင့် ပတ်သက်နေနိုင်သောကြောင့် အရပ်ဘက်အဖွဲ့အစည်းက *"အကြမ်းဖက်"* အဖွဲ့များကို ထောက်ခံနေသည်ဟု ပုံဖော်စွပ်စွဲရန်မှာ အဆင်ပြေသည့် ဆင်ခြေတစ်ခုဖြစ်သည်။ [181] အခြားသူများမှာ စစ်တပ်၏ မလုံလောက်သော ငလျင်တုံ့ပြန်မှုကို လူမှုမီဒီယာပေါ်တွင်

---

[177] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

[178] ငလျင်တုံ့ပြန်မှုနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥပဒေ သို့မဟုတ် ၂၀၂၂ အသင်းအဖွဲ့ဥပဒေအရ စွဲချက်တင်ဖမ်းဆီးခြင်းများကို ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။ ကိုးကား - Assistance Association for Political Prisoners (2025), "Data explorer".

[179] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[180] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။

[181] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

ရိုးရှင်းစွာ ဝေဖန်မိသည့်အတွက် ဖိနှိပ်ကန့်သတ်သည့် ပြစ်မှုဆိုင်ရာ ဥပဒေ (၁၈၆၁) အောက်ရှိ ဆူပူလှုံ့ဆော်မှု သို့မဟုတ် သတင်းမှား ဖြန့်ဝေမှု (ပုဒ်မ ၅၀၅-က) ဖြင့် စွဲချက်တင်ခံခဲ့ကြရသည်။ [182]

| **ဥပဒေများ** | **သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ** | **အရပ်ဘက်အဖွဲ့အစည်း အပေါ်မည်သို့အသုံးပြုသလဲ။** | **အမြင့်ဆုံး ပြစ်ဒဏ်** |
|---|---|---|---|
| အကြမ်းဖက်မှု တိုက်ဖျက်ရေး အက်ဥပဒေ (၂၀၁၄) | အကြမ်းဖက်မှုနှင့် တားမြစ်ထားသော အကြမ်းဖက် အဖွဲ့အစည်းများကို ပံ့ပိုးခြင်းအား ရာဇဝတ်မှု မြောက်စေသည်။ | အရပ်ဘက်အဖွဲ့အစည်းမှ အတိုက်အခံ အဖွဲ့အစည်း များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်မှုကို အကြမ်း ဖက်မှုအားထောက်ပံ့ပေး နေသည်ဟုစွပ်စွဲသတ် မှတ်ခြင်း။ | ထောင်ဒဏ် အနှစ် ၂၀ အထိ။ |
| သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၃) | ပုဒ်မ ၃၀(က) သည် အစိုး ရ၏ညွှန်ကြားချက်များ အားမလိုက်နာခြင်းကို ရာဇဝတ်မှုအဖြစ်သတ် မှတ်သည်။ ပုဒ်မ ၃၀(ခ) သည် ခွင့်ပြုချက်မရှိဘဲ ဘေးအန္တရာယ်ကျရောက် သည့် ဒေသသို့ဝင်ရောက် ခြင်းအား ရာဇဝတ်မှုအ ဖြစ် သတ်မှတ်သည်။ ပုဒ်မ ၂၇ သည် သတင်းမှားဖြန့်ဝေခြင်း အား ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ | လွတ်လပ်သော ကူညီ ထောက်ပံ့ရေး ကြိုးပမ်းမှု များကိုအမိန့်နာခံမှုမရှိ သည့် ပုံစံဖော်ခြင်း၊ သို့မဟုတ် ခွင့်ပြုချက် မရှိဘဲ ဝင်ရောက်ခြင်း စသည်တို့ကို ရာဇဝတ် မှုအဖြစ် သတ်မှတ်သည်။ သတင်းမှား ဖြန့်ဝေခြင်း ကိုတားဆီးသည့်အသွင် ဆောင်၍ နိုင်ငံတော်၏ သဘာဝဘေးတုံ့ပြန်မှုအ ပေါ် ဝေဖန်ခြင်းကို အပြစ် ပေးအရေးယူ သည်။ | ထောင်ဒဏ် ၁ နှစ်အထိ။ |

[182] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

| | | | |
|---|---|---|---|
| အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (၂၀၂၂) | မဖြစ်မနေ မှတ်ပုံတင်ရန် လိုအပ်သည်။ ပုဒ်မ ၂၈(ဍ) သည် ဘေးအန္တရာယ်ကျရောက်သည့်ဧရိယာများတွင် အကူအညီများ ပေးဝေရန် ခွင့်ပြုချက် လိုအပ်သည်။ ပုဒ်မ ၂၇ (ဇ) သည် ဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ ခရီးသွားရန် ခွင့်ပြုချက် လိုအပ်သည်။ | မှတ်ပုံတင်မထားသည့် အသင်းအဖွဲ့များကိုရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ ဝန်ထမ်းနှင့်လုပ်ငန်းဆိုင်ရာအရေးကြီးအချက်အလက်များကိုထုတ်ဖော်ရန် အတင်းအကျပ်စေခိုင်းသည်။ အရပ်ဘက်အဖွဲ့အစည်း၏ လှုပ်ရှားမှုများကို ထိန်းချုပ်ကာအသေးစိတ်စွက်ဖက်ကြီးကြပ်နိုင်ရန် အတွက်ခန့်မှန်းရခက်သော ခွင့်ပြုချက်စနစ် တစ်ရပ်ကို ဖန်တီးချမှတ်သည်။ | ထောင်ဒဏ် ၅ နှစ်အထိ။ |
| ရာဇသတ်ကြီး (၁၈၆၁) | ပုဒ်မ ၅၀၅-က သည် လှုံ့ဆော်မှု သို့မဟုတ်သတင်းမှားဖြန့်ဝေမှုအား ရာဇဝတ်မှုမြောက်စေသည်။ | စစ်တပ်၏ လိုလောက်မှုမရှိသော သဘာဝဘေးတုံ့ပြန်ဆောင်ရွက်မှုကို ဝေဖန်သည့် ပုဂ္ဂိုလ်များကို ဖမ်းဆီးစွဲချက်တင်ရန် အသုံးပြုခဲ့သည်။ | ထောင်ဒဏ် ၃ နှစ်အထိ။ |
| ပြည်သူ့စစ်မှုထမ်းဥပဒေ (၂၀၁၀) | အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြားအမျိုးသမီးများသည် အများဆုံး ၅ နှစ်အထိ စစ်မှုထမ်းရန် လိုအပ်သည်။ | အာဏာပိုင်များ၏ အာရုံစိုက်မှုကို ခံရသည့် အရပ်ဘက်အဖွဲ့အစည်းမှ လူငယ်စေတနာ့ဝန်ထမ်းများသည် အတင်းအကျပ် စစ်မှုထမ်းရန်အတွက် စုဆောင်းခံရနိုင်သည်။ | ထောင်ဒဏ် ၃ နှစ်အထိ။ |

| | | | |
|---|---|---|---|
| မတရားအသင်း အက်ဥပဒေ (၁၉၀၈) | ပုဒ်မ ၁၇(၁) သည် မတ ရား အသင်းတွင် အဖွဲ့ဝင် အဖြစ် ပါဝင်ခြင်း၊ လှုပ်ရှား ဆောင်ရွက်ခြင်း သို့မဟုတ်ထောက်ပံ့ကူညီ ခြင်းတို့ကို ပြစ်မှုအဖြစ် သတ်မှတ်သည်။ | အရပ်ဘက်အဖွဲ့အစည်း က အတိုက်အခံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို နိုင်ငံတော်လုံခြုံရေး ဆိုင်ရာ စိုးရိမ်ပူပန်မှု အဖြစ် ပုံဖော်သည်။ | ထောင်ဒဏ် ၃ နှစ်အထိ။ |

နိုင်ငံရေးပြစ်မှုများဖြင့် စွဲချက်တင်ခံရသူ အရေအတွက်သည် တရားဝင်မှတ်တမ်းများ မရှိခြင်းနှင့် တရားရုံးများက လျှို့ဝှက်စွာ ဆောင်ရွက်နေခြင်းတို့ကြောင့် ရှင်းလင်းမှု မရှိသေးပေ။[183] ကြားသိရသော သတင်းများအရ ထောက်ပံ့ကယ်ဆယ်ရေးအကူအညီများပေးနေစဉ် ဖမ်းဆီးခံရပြီး ရာဇသတ်ကြီး ဥပဒေ (၁၈၆၁) ဖြင့် စွဲချက်တင်ခံရသော အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းများ ပါဝင်နေခဲ့ရာ၊ ၎င်းတို့ထဲမှ တစ်ဦးမှာ နိုင်ငံရေးပြစ်မှုများအတွက် သီးခြားစွဲချက်ပေါင်းအခု ၂၀ နှင့် ရင်ဆိုင်နေရသည်။[184] အကူအညီ ဖြန့်ဝေနေသည့် အရပ်ဘက်အဖွဲ့အစည်း ဝန်ထမ်းသုံးဦးသည် အတိုက်အခံအဖွဲ့အစည်းများအား ထောက်ခံသည်ဟု စွပ်စွဲကာ အကြမ်းဖက်မှုပုဒ်မများဖြင့် စွဲချက်တင်ဖမ်းဆီးခံခဲ့ရကြောင်း အင်တာဗျူးဖြေဆိုခဲ့သော ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးက ဖော်ထုတ်ပြောကြားခဲ့သည်။[185] အခြားသူတစ်ဦးကလည်း *"ကယ်ဆယ်ရေးများလုပ်ဆောင်ပြီး ပြန်လာသည့် အပြန်လမ်းတွင်"* ပြစ်မှုဆိုင်ရာဥပဒေ (၁၈၆၁) အောက်ရှိ နိုင်ငံရေးပြစ်မှုများဖြင့် စွဲချက်တင် ဖမ်းဆီးခံခဲ့ရသည့် လုပ်ဖော်ကိုင်ဖက်တစ်ဦး အကြောင်းကို ဖော်ထုတ်ပြောကြားခဲ့ပြီး၊ ထိုလုပ်ဖော်ကိုင်ဖက်မှာ *"ယနေ့တိုင် ထောင်ကျနေဆဲ ဖြစ်သည်။"*[186] ဖမ်းဆီးမှုများသည် မကြာခဏဆိုသလို ဥပဒေနှင့်မညီ မတရားဖမ်းဆီးခြင်းဖြစ်ပြီး၊ ဖမ်းဆီးရသည့် သီးခြား ဥပဒေရေးရာ အကြောင်းပြချက်များကို သိရှိရန် ခက်ခဲသည်။ ရှင်းလင်းစွာ မြင်ရသည်မှာ ပျံ့နှံ့အမြစ်တွယ်လာနေသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ကြောက်ရွံ့မှုသည် လူ့အဖွဲ့အစည်းအပေါ် နက်ရှိုင်းသော သက်ရောက်မှုရှိခဲ့ပြီး၊ လူအများအပြားအား ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ယာယီ သို့မဟုတ် လုံးဝရပ်တန့်စေသည်အထိ ခိုင်မာနေခဲ့ခြင်းပင် ဖြစ်သည်။[187]

---

[183] ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်တပ်က မြန်မာနိုင်ငံ၏ အသစ်ပေါ်ထွန်းစ တရားရေးစနစ်ကို ပျက်စီးစေခဲ့သည်။ ကိုးကား - Free Expression Myanmar (2023), "Myanmar military's 'justice' system".

[184] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[185] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[186] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII4)၊ ဇွန်လ၊ ၂၀၂၅။

[187] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII1)၊ ဇွန်လ၊ ၂၀၂၅။ ကိုးကား - Radio Free Asia (2025), "စစ်ကောင်စီ ကန့်သတ်ချက်ကြောင့် လျော်ဘေး ကူညီရေးအဖွဲ့အချို့ လုပ်ငန်းရပ်ဆိုင်းရနိုင်".

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# ခွဲခြားဆက်ဆံမှုဖြင့် အကျပ်အတည်းများကို ပိုမိုဆိုးရွားစေခြင်း

စစ်တပ်၏ ငလျင်ဘေး တုံ့ပြန်ဆောင်ရွက်မှုမှာ ဖိနှိပ်မှုသက်သက်သာမကဘဲ ပြင်းထန်သော ခွဲခြားဆက်ဆံမှုများလည်း ဖြစ်စေခဲ့သည်။ ဤအပိုင်းသည် စစ်တပ်က ငလျင်ဘေးအပေါ် အရပ်ဘက်တုံ့ပြန်မှုကို ထိန်းချုပ်ကာ၊ ထိခိုက်လွယ်သောလူအုပ်စုများကို ပစ်ပယ်ထားခြင်းနှင့် ထိုအုပ်စုများကို ကူညီပေးသည့် အရပ်ဘက်အဖွဲ့အစည်းများအတွက် ခွဲခြားနှိမ်ချသော အတားအဆီးများ ဖန်တီးခြင်းတို့ ပြုလုပ်ခြင်းအားဖြင့် ICCPR ၏ ပုဒ်မ ၂ နှင့် ၂၆ တို့တွင် အခိုင်အမာပြဋ္ဌာန်းထားသော ခွဲခြားဆက်ဆံမှုမှကင်းလွတ်စေရေး လူ့အခွင့်အရေးကို မည်ကဲ့သို့ ချိုးဖောက်ခဲ့ကြောင်း လေ့လာဖော်ပြထားသည်။ [188]

## အမျိုးသမီးများ၏ လိုအပ်ချက်များကို လျစ်လျူရှုခြင်း

စစ်တပ်၏ ငလျင်ကူညီကယ်ဆယ်ရေး ကြိုးပမ်းမှုများသည် အမျိုးသမီးများ၏ သီးသန့်လိုအပ်ချက်များအား စနစ်တကျလျစ်လျူရှုထားသည်ကို တွေ့ရှိရသည်။ ယခုကဲ့သို့ လျစ်လျူရှုမှုသည် အမျိုးသမီးအဖွဲ့များ၏အသံကို နားထောင်ရန် ငြင်းဆန်ခြင်းနှင့် အကူအညီပေးရာတွင် အခြေခံအားဖြင့် “*ကျားမကွဲပြားမှုအခြေပြုအမြင်မရှိသည့်*” ချဉ်းကပ်ပုံကြောင့် ဖြစ်သည်။ [189] စစ်တပ်က စီမံခန့်ခွဲသော ကယ်ဆယ်ရေးစခန်းများတွင် ဤအခြေအနေသည် တိုက်ရိုက်အန္တရာယ်များကို ဖန်တီးခဲ့သည်။ လုံခြုံပြီး လုံလောက်သော အိမ်သာများ မရှိခြင်းကြောင့် အမျိုးသမီးများသည် လုံခြုံမှုမရှိသော လူမြင်သာသည့်နေရာများတွင် ရေချိုးခဲ့ကြရပြီး၊ တချိန်တည်းမှာပင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးများသည် ၎င်းတို့လိုအပ်သည့် အထူးဆေးကုသမှုနှင့် အာဟာရထောက်ပံ့မှုများကို မရရှိခဲ့ကြပေ။[190] အရပ်ဘက်လူ့အဖွဲ့အစည်းကို ဘေးဖယ်ထားခြင်းအားဖြင့် စစ်တပ်သည် ယခုလို လိုအပ်ချက်များကို ဖော်ထုတ်တင်ပြပေးနိုင်သော အရေးပါသည့် အပြန်အလှန်ပြောဆိုဆက်သွယ် အချက်အလက်ဖလှယ်သည့် စနစ်ကို ဖြတ်တောက်လိုက်ရာ၊ အကျိုးဆက်အနေဖြင့် အမျိုးသမီးသုံး တကိုယ်ရည်သန့်ရှင်းရေးပစ္စည်းကဲ့သို့သော

---

[188] စစ်တပ်လက်အောက်ခံ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ထိခိုက်လွယ်သည့် အုပ်စုများအတွက် တန်းတူညီမျှပြီး ခွဲခြားမှုမရှိသော အကူအညီများပေးရန် တောင်းဆိုသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်တွင် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများကို ၎င်းတို့၏ “*ထိခိုက်လွယ်သည့် အုပ်စုများ*” စာရင်းတွင် သတိပြုမိလောက်အောင် ထည့်သွင်းဖော်ပြထားခြင်း မရှိခဲ့ပေ။ ကိုးကား-The Global New Light of Myanmar (2025), “Myanmar National Human Rights Commission Statement 4/2025”.

[189] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။ ကိုးကား - Human Rights Myanmar (2025), “Sex-based violence in Myanmar”.

[190] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2)၊ သတင်းထောက်တစ်ဦး (KII5)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

အရေးကြီးလိုအပ်ချက်များနှင့် မကိုက်ညီသည့် ယေဘုယျဆန်သော အထောက်အပံ့မျိုးသာ ဖြစ်ပေါ်လာခဲ့သည်။ [191]

## ဘာသာရေးဆိုင်ရာလူနည်းစုများထံ အကူအညီပေးပို့မှုကို ပိတ်ဆို့ခြင်း

စစ်တပ်သည် အရပ်ဘက်အဖွဲ့အစည်းက ဘာသာရေး လူနည်းစုများ၊ အထူးသဖြင့် မွတ်စလင်များကို ထောက်ပံ့ကူညီခြင်းမပြုအောင် တားဆီးခဲ့ခြင်းသည် ထိုအုပ်စုများကို လူ့အဖွဲ့အစည်းအတွင်းမှ ဖယ်ကြဉ်ထားရေးဆိုသည့် ၎င်းတို့၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာနှင့် ကိုက်ညီနေသည်။[192] စစ်တပ်သည် လူမှုအသိုက်အဝန်းများအကြား *"ပိုင်းခြားထားသည့်မျဉ်းများကို ဖန်တီးရန်"* ကြိုးပမ်းခဲ့ပြီး၊ အကူအညီများ မရောက်အောင် တားဆီးရန်အတွက် *"အထူးသဖြင့် မွတ်စလင် ရပ်ကွက်များကို ပိတ်ဆို့ထားခဲ့သည်။"* [193] စစ်တပ်သည် *"လုံခြုံရေး"* အကြောင်းပြချက်ဖြင့် ဘာသာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများကို ဟန့်တားခဲ့ရာ၊ စျာပနပို့ဆောင်ရေးအဖွဲ့များအား ရိုးရာသင်္ချိုင်းများသို့ ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ပြီး၊ အဖွဲ့အစည်းများအား ဘုရားရှိခိုးကျောင်းများနှင့် ဗလီများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းမှ တားဆီးရန်အတွက် ဗျူရိုကရေစီအတားအဆီးများအား ထပ်မံဖန်တီးခဲ့သည်။[194] အရပ်ဘက်အဖွဲ့အစည်းအပေါ် အကြမ်းဖက်ခြင်းဖြင့် ဤခွဲခြားဆက်ဆံမှုကို အတင်းအကျပ် အကောင်အထည်ဖော်ခဲ့သည်။ အကူအညီပို့ဆောင်ရေး ယာဉ်တန်းတစ်ခုကို စစ်တပ်ထောက်ခံသည့် ပြည်သူ့စစ်က တားဆီးခဲ့ပြီး၊ ၎င်းတို့သည် လူမျိုးရေးအရ ခွဲခြားစော်ကားသည့် *"မင်းတို့က အဲဒီကုလားတွေကိုပဲ ကူညီတာ၊ အားလုံး ငါတို့ကို ပေး"* ဟူသောစကားလုံးတို့ဖြင့် မွတ်စလင်များအတွက် ရည်ရွယ်သယ်ဆောင်လာသည့် ပစ္စည်းများကို သိမ်းယူခဲ့သည်။ [195]

---

[191] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[192] ငလျင်သည် မူဆလင်ဘာသာဝင် အများအပြားသည် ဗလီဝတ်ကျောင်းတော်များအတွင်း၌ ရှိနေခဲ့ကြသည့် ရမ်ဇာန် (Ramadan) ဥပုသ်လ၏ နောက်ဆုံးသောကြာနေ့ ဝတ်ပြုဆုတောင်းချိန်အတွင်း လှုပ်ခတ်ခဲ့သည်။

[193] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။ မြစ်ငယ်နှင့် ပုလိပ်မြို့တို့တွင် မူဆလင်လူဦးရေ ထူထပ်စွာ နေထိုင်ခဲ့ကြသည်။

[194] အာဏာပိုင်များ၏ နှစ်ပေါင်းများစွာ ခွဲခြားဆက်ဆံသော လုပ်ရပ်များကြောင့် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများနှင့် ပြန်လည်မွမ်းမံခွင့်များကို တားဆီးခံခဲ့ရသည့်အတွက် ဗလီများသည် ငလျင်ဒဏ်ကို အထူးသဖြင့် ခံစားခဲ့ရသည်။ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ သတင်းထောက်တစ်ဦး (KII5)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ။ ကိုးကား - The Irrawaddy (2025), "Myanmar Authorities Drag Their Feet Over Rebuilding of Mosques, Churches".

[195] မြန်မာနိုင်ငံတွင် တောင်အာရှနွယ်ဖွားများ၊ အထူးသဖြင့် မူဆလင်ဘာသာဝင်များကို ပစ်မှတ်ထားအသုံးပြုသော အလွန်ပြင်းထန်စွာ စော်ကားသည့် လူမျိုးရေးနှင့် ဘာသာရေးအခြေပြု အသုံးအနှုန်း။ အရပ်ဘက်အဖွဲ့အစည်း ဝန်ထမ်း တစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

### ကျေးလက်ဒေသများကို လစ်လျူရှုခြင်း

စစ်တပ်သည် အရပ်ဘက်လူ့အဖွဲ့အစည်းကို ကျေးလက်ဒေသများမှ ပိုမိုမြင်သာသော မြို့ပြနေရာများဆီသို့ လမ်းကြောင်းပြောင်းစေခဲ့သည်။ ဆန့်ကျင်ဘက်အင်အားစုများ ထိန်းချုပ်ထားသော သို့မဟုတ် ပဋိပက္ခဖြစ်နေသော ဒေသများရှိ ကျေးရွာများသို့ ဝင်ရောက်သွားလာခွင့်အား စစ်တပ်က လုံခြုံရေးအကြောင်းပြချက်ဖြင့် ပိတ်ပင်ခဲ့သည်ကို စစ်ကိုင်းကဲ့သို့သော ဒေသများတွင် တွေ့နိုင်သည်။ ကျေးလက်ဒေသများတွင် ငလျင်ဘေး တရားဝင်တုံ့ပြန်ဆောင်ရွက်မှုမှာ လုံးဝမရှိသလောက် ဖြစ်နေပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်မှပံ့ပိုးပေးသော အကြီးစားစက်ယန္တရားကြီးများလည်း မရှိခဲ့ပေ - *"ရွာသူရွာသားတွေဟာ ငလျင်အကူအညီတွေကို အရမ်းလိုအပ်နေပေမဲ့ မြို့ပြဒေသက လူတွေလိုမျိုး ဘာတစ်ခုမှ မရကြဘူး"* [196] ဤလျစ်လျူရှုမှုသည် ကျေးလက်ဒေသများအား အကူအညီပေးနေသော ဒေသခံအရပ်ဘက်အဖွဲ့အစည်းများကို လုံးဝသီးခြားဖြစ်စေခဲ့ပြီး၊ ကူညီကယ်ဆယ်ရေးအရင်းအမြစ်များလည်း အလွန်အမင်း နည်းပါးသွားစေခဲ့သည်။

### နေရာရွှေ့ပြောင်းခံရသူများကို ဖယ်ကြဉ်ခြင်း

စစ်တပ်သည် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအား အရပ်ဘက်အဖွဲ့အစည်းမှ ကူညီထောက်ပံ့ခြင်းကိုလည်း တားဆီးခဲ့သည်။ မန္တလေးရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်အများအပြားကို ဒေသန္တရအုပ်ချုပ်ရေးမှူးများက ကယ်ဆယ်ရေးအတွက် အိမ်ထောင်စုစာရင်းပြုစုရာတွင် ချန်လှပ်ထားခဲ့သည်။ အကူအညီများကို *"အိမ်ထောင်စုစာရင်းများအပေါ် အခြေခံ၍ ဖြန့်ဝေခဲ့ပြီး၊ အိမ်တစ်အိမ်တည်းတွင် မိသားစုတစ်စုထက်ပို၍ နေထိုင်သည့် ကိစ္စများတွင်မူ တရားဝင် စာရွက်စာတမ်းများတွင် အမည်ပါရှိသူများကိုသာ ထောက်ပံ့ပစ္စည်းများ ပေးခဲ့ရာ နေရပ်စွန့်ခွာလာရသူများမှာ ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားခဲ့ခံကြရသည်။"* [197]

## ခံနိုင်ရည်ရှိမှုနှင့် ပြောင်းလဲရေးအတွက် တောင်းဆိုမှုများ

စစ်တပ်၏ စနစ်တကျဖိနှိပ်မှုများကြားမှပင် မြန်မာနိုင်ငံ၏ အရပ်ဘက်အဖွဲ့အစည်းသည် အလွန်ခိုင်မာသော ခံနိုင်ရည်နှင့် အံ့မခန်းသောလိုက်လျောညီထွေနေနိုင်စွမ်းကို ပြသခဲ့သည်။ ဤအပိုင်းသည် ICCPR ၏ ပုဒ်မ ၂၂ အောက်၌ ကာကွယ်ထားသည့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် အပါအဝင် အခြေခံ

---

196 အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII3)၊ ဇွန်လ၊ ၂၀၂၅။

197 The Irrawaddy (2025), "Quarter of a Million Mandalay IDPs Denied Myanmar Junta Quake Aid".

အခွင့်အရေးတခုတလေမျှ ခွင့်မပြုထားသော အခြေအနေမျိုး၌ပင် အရပ်ဘက်အဖွဲ့အစည်းများက ၎င်းတို့၏ အခြေခံအခွင့်အရေးများ ရရှိရန်အတွက် ကြိုးပမ်းခဲ့ကြသည့် နည်းဗျူဟာများကို မီးမောင်းထိုးပြထားပြီး၊ အပြောင်းအလဲများအတွက် ၎င်းတို့၏ အရေးပေါ် တောင်းဆိုချက်များကိုလည်း တင်ပြထား သည်။

## မြေအောက်လှုပ်ရှားမှုများ၌ အရပ်ဘက်အခန်းကဏ္ဍကို ဖန်တီးခြင်း

ရန်လိုခက်ထန်သော နိုင်ငံတော်နှင့် ရင်ဆိုင်ရသောအခါ မြန်မာပြည်သူလူထုသည် နိုင်ငံတော်၏ ပျက်ကွက်မှုကြားတွင် ၎င်းတို့၏ ယုံကြည်အားအကိုးရဆုံး အရင်းအမြစ်ဖြစ်သည့် ခိုင်မာသိပ်သည်းသော်လည်း ပုံသေကားကျဖွဲ့စည်းထားခြင်း မဟုတ်သည့် အရပ်ဘက်အဖွဲ့အစည်း ကွန်ရက်များကို ပြန်လည်စုစည်းလှုပ်ရှားပြီး မှီခိုခဲ့ကြသည်။ ဆယ်စုနှစ်များစွာကြာ စစ်အုပ်ချုပ်ရေး၏ လေ့ကျင့်ပေးမှုကြောင့် နက်ရှိုင်းစွာ အမြစ်တွယ်နေသော ခံနိုင်ရည်စွမ်းအားမှာ အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရာတွင် မောင်းနှင်အား ဖြစ်ခဲ့သည်။ *“မြန်မာနိုင်ငံက လူ့အဖွဲ့အစည်းအကြောင်း ပြောတဲ့အခါ “ခံနိုင်ရည်” ဆိုတဲ့ စကားလုံးကို မကြာခဏကြားရတယ်။ ဒါပေမဲ့ ခံနိုင်ရည်ရှိတယ်ဆိုတာက မွေးကတည်းက တစ်ယောက်ကိုတစ်ယောက် ကူရင်း ကျွန်တော်တို့ အသက်ရှင်နေရတဲ့ပုံစံပဲ”* ဟု အရပ်ဘက်အဖွဲ့အစည်း ဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။ [198] ဤကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်သည် အင်စတီကျူးရှင်းများ၊ သို့မဟုတ် အဖွဲ့အစည်းများထံမှ မဟုတ်ဘဲ သူငယ်ချင်းများနှင့် အိမ်နီးချင်းများစသည့် စနစ်တကျပုံသေကားကျမဟုတ်သည့် အုပ်စုများက အလိုအလျောက် ပေါင်းစည်းလာသည့် မြေပြင်အဆင့်မှနေ၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။[199] စစ်မှန်သော ဒေသတွင်းချဉ်းကပ်မှု ဆိုသည်မှာ *“သူငယ်ချင်း သုံး၊ လေး၊ ငါးဦးဖြင့် ရိုးရိုးရှင်းရှင်း စုပေါင်းဖွဲ့စည်းထားသည့်”* သေးငယ်ပြီး လျင်မြန်ဖြတ်လတ်စွာ လှုပ်ရှားနိုင်သော၊ အခိုင်အမာတည်ရှိသည့် စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ချိတ်ဆက်ခြင်းကို ဆိုလိုသည်။ [200]

သို့သော် စစ်တပ်၏ ထိန်းချုပ်မှုကို ကျော်လွှားရန်အတွက် အရပ်ဘက်အဖွဲ့အစည်းအုပ်စုများသည် *“မြေအောက်”* မှ လှုပ်ရှားရန် ဖိအားပေးခြင်းခံရပြီး၊ အမည်ဝှက်များဖြင့် လှုပ်ရှားခြင်းမှသည် အကူအညီပေးရေးပစ္စည်းများကို သိမ်းယူခံရမှုမရှိစေရန် ဖုံးကွယ်၍ ပို့ဆောင်ခြင်းနှင့် မိမိတို့၏ အလုပ်များကို မိတ်ဆွေသူငယ်ချင်းများ မိသားစုဝင်များထံမှပင် လျှို့ဝှက်ထားခြင်းစသဖြင့် လျှို့ဝှက်နည်းလမ်းများစွာကို အသုံးပြုခဲ့ကြသည်။[201] ကျန်းမာရေးစောင့်ရှောက်မှုနှင့် ခိုလှုံရာပေးအပ်ခြင်းကဲ့သို့ အထူးအထောက်အပံ့များအတွက် ကျွမ်းကျင်သည့် ပိုမိုကြီးမားသော အဖွဲ့အစည်းများ လိုအပ်နေဆဲဖြစ်သော်လည်း၊ ဒေသခံအ

---

[198] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[199] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[200] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[201] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII10)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2)၊ သတင်းထောက်တစ်ဦး (KII5) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

ဖွဲ့များသည် "အပြသက်သက်လှုပ်ရှားရန်" အသုံးချခံရခြင်း သို့မဟုတ် စစ်တပ်၏ အဖွဲ့အစည်းများကို ပြန်လည်တည်ဆောက်ရာတွင် ကူညီရန်အတွက် လမ်းကြောင်းပြောင်းအသုံးချခံရခြင်းတို့အား မဖြစ်စေရန် သတိထားနေရသည်။ [202]

အရေးပါသော လိုက်လျောညီထွေပြောင်းလဲမှုတစ်ခုမှာ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်တပ်ဆန့်ကျင်ရေး လမ်းကြောင်းကို ပြောင်းပြန်လှန်ကာ *"ကြားနေ၊ နိုင်ငံရေးကင်းရှင်းသော"* သဘောထားကို သတိရှိရှိ ဆုံးဖြတ်ကျင့်သုံးခြင်းဖြစ်သည်ဟု အရပ်ဘက်လူ့အဖွဲ့အစည်းအချို့က ဆိုကြသည်။[203] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးက ၎င်းတို့သည် *"နိုင်ငံရေး ကွဲပြားမှုများကို ဘေးဖယ်ထားကာ လူအများအား ကယ်ဆယ်ရန် လိုအပ်ချက်ကိုသာ ဦးစားပေးခဲ့ကြောင်း"* ရှင်းပြခဲ့ပြီး၊ ယင်းအား ၎င်းတို့၏ *"အကြီးမားဆုံးသော လိုက်လျောညီထွေပြောင်းလဲမှု"* အဖြစ်ဖော်ပြခဲ့သည်။ [204] ပေါ်ပေါ်ထင်ထင် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ပါက စစ်တပ်၏ချက်ချင်းနှိပ်ကွပ်မှုကို ခံရစေနိုင်သောကြောင့် ဤစည်းမျဉ်းအခြေခံသည့် လက်တွေ့ကျမှုသည် အရပ်ဘက်အဖွဲ့အစည်းအား ပုံစံသစ်တစ်ခုအနေဖြင့် လည်ပတ်နိုင်ရန် အခွင့်အရေးပေးခဲ့သည်။[205] ကြီးမားသော တကိုယ်ရည်အန္တရာယ်များကြားမှ ဆောင်ရွက်ခဲ့ရသည့် ဤခက်ခဲသော လုပ်ငန်းသည် ပိုမိုခိုင်မာသော ဆက်ဆံရေးများကို ဖန်တီးခဲ့ပြီး၊ အနာဂတ်အတွက် ပိုမိုခံနိုင်ရည်ရှိပြီး စွမ်းရည်မြင့်မားသည့် လူသားကွန်ရက်တစ်ခုကို တည်ဆောက်ပေးခဲ့သည်။ [206]

## အခြေခံကျသော ပြောင်းလဲရေးအတွက် တောင်းဆိုမှု

အရပ်ဘက်အဖွဲ့အစည်းများ၏ ဖြတ်သန်းမှုအတွေ့အကြုံများက အခြေခံအုတ်မြစ်ဖြစ်သော လူ့အခွင့်အရေးများကို ပဓာနထားသည့် ပြောင်းလဲမှုအတွက် တိကျပြတ်သားသော တောင်းဆိုချက်များ ပေါ်ပေါက်လာစေသည်။ အင်တာဗျူးဖြေဆိုသူများက အရေးပေါ်အခြေအနေများအတွက် *"ပြင်ဆင်ထားမှု လုံးဝမရှိခြင်း"* ကို ထောက်ပြခဲ့ပြီး နိုင်ငံတော်အနေဖြင့် အစီစဉ်များကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန်၊ သဘာဝဘေးတုံ့ပြန်ရေးအတွက် သင့်လျော်သော ဘတ်ဂျက်တစ်ခု သတ်မှတ်တည်ဆောက်ထားရန်နှင့်

---

[202] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII2)၊ သတင်းထောက်တစ်ဦး (KII1) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[203] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။ အလွန်အမင်း ဖိနှိပ်ချုပ်ချယ်သော ပတ်ဝန်းကျင်မျိုး၌ အဖွဲ့အစည်းများသည် ၎င်းတို့၏ ရည်မှန်းချက်များကို နိုင်ငံရေးအခြေအနေကြောင့် ပိတ်ဆို့ခံရသောအခါ ပိုမို၍နိုင်ငံရေးဆန်သည့် ရပ်တည်ချက်များ ကို ခံယူလေ့ရှိသည်။ မြန်မာနိုင်ငံတွင်မူ ဤအခြေအနေသည် အချို့အဖွဲ့အစည်းများအား စစ်တပ်ကို ဆန့်ကျင်သူများ သို့မဟုတ် အတိုက်အခံကို ထောက်ခံသူများ ဖြစ်လာစေခဲ့သည်။

[204] အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII10)၊ ဇွန်လ၊ ၂၀၂၅။.

[205] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[206] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

ပြည်သူ့ပညာပေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် တောင်းဆိုခဲ့ကြသည်။[207] ၎င်းတို့သည် ပြိုကျပျက်စီးသွားခဲ့သည့် လူနေထိုင်ရန် မသင့်လျော်မလုံခြုံသော အဆောက်အအုံများကို ဆောက်လုပ်ခွင့်ပြုခဲ့သော စနစ်တကျ အကျင့်ပျက်ခြစားမှုများအတွက် တာဝန်ခံမှု၊ ပဋိပက္ခနှင့် နေရပ်စွန့်ခွာခြင်းတို့ကြောင့် ပျက်စီးသွားသည့် လူမှုအသိုက်အဝန်းများကို ပြန်လည်တည်ဆောက်ရန် ကတိကဝတ်ပြုမှုနှင့် လူငယ်များ ပြန်လာကာ ပြန်လည်တည်ဆောက်ရေးတွင် ကူညီနိုင်စေရန်အတွက် အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေခြင်းများ ရပ်တန့်ပေးရန် တို့ကိုလည်း တောင်းဆိုခဲ့ကြသည်။ [208] အဓိကအချက်မှာ ဤပြုပြင်ပြောင်းလဲရေးများသည် နိုင်ငံတော်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများကို စေခိုင်းမည့်အစား လက်တွဲပူးပေါင်းရန်နှင့် ပွင့်လင်းစွာ ဆက်ဆံရန် ဆန္ဒရှိ မရှိအပေါ်တွင် အလုံးစုံ မူတည်နေခြင်းဖြစ်သည်။ [209]

သို့သော် အဆုံးတွင် အရပ်ဘက်အဖွဲ့အစည်းမှ များစွာသောသူတို့သည် အခြေခံကျသော နိုင်ငံရေး အသွင်ကူးပြောင်းမှု မရှိပါက ထိုပြုပြင်ပြောင်းလဲမှုများအတွက် မျှော်လင့်ချက် နည်းပါးကြောင်း ရှုမြင်ခဲ့ကြသည် - *“ကျွန်တော်တို့က ကြက်ခြံထဲက ကြက်တွေလိုမျိုး၊ ဒါမှမဟုတ် ဆူနေတဲ့ရေအိုးထဲမှာ ဖြည်းဖြည်းချင်း သေဆုံးနေတဲ့ ဖားတွေလိုမျိုးပဲ။”* [210] ငလျင်လှုပ်ပြီးနောက် စစ်တပ်၏ လုပ်ဆောင်ချက်များသည် မြန်မာပြည်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် သုခချမ်းသာကို ချနင်းပြီး အာဏာထိန်းသိမ်းထားရန် တစ်ခုတည်းကိုသာ အာရုံစိုက်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ၎င်းတို့၏ အဓိက သဘောသဘာဝ ထင်ဟပ်နေမှုကို မြင်ခဲ့ရသည်။ *“ဒီလို ဘေးအန္တရာယ်မျိုးကျတာတောင် သနားညှာတာမှုဆိုတာကို မမြင်ရဘူး”* ဟု အင်တာဗျူးဖြေဆိုသည့် သတင်းထောက်တစ်ဦးက မှတ်ချက်ပြုခဲ့ပြီး၊ အရပ်ဘက်အဖွဲ့အစည်းကို ဖျက်ဆီးချည့်နဲ့အောင် လုပ်ခြင်းသည် *“အရပ်ဘက်နယ်ပယ် အလွန်အားကောင်းလာလျှင် လူထုလှုပ်ရှားမှုအသစ်များ ထပ်မံပေါ်ပေါက်လာနိုင်သည်”* ဆိုသည့် စစ်တပ်၏ စိုးရိမ်မှုမှ မွေးဖွားလာသော တမင်ရည်ရွယ်သည့် မဟာဗျူဟာ ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ [211] အချုပ်အားဖြင့်ဆိုသော် အရပ်ဘက်အဖွဲ့အစည်းသည် စစ်အုပ်ချုပ်မှု အဆုံးသတ်ရေးနှင့် နိုင်ငံတကာမှ မည်သည့်အကူအညီကိုမဆို စစ်တပ်မှတဆင့် ပေးအပ်ရန် ကြိုးပမ်းခြင်းအားလုံးကို အဆုံးသတ်ရန် လိုလားကြသည်။[212] အထူးသဖြင့် ၎င်းတို့သည် ယခင်စစ်အစိုးရများအား တရားဥပဒေ၏ လက်အောက်မှ လွတ်မြောက်စေခဲ့သည့် ပြစ်ဒဏ်ပေးခံရမှုမှ ကင်းလွတ်နေသော သံသရာကို ဖြတ်တောက်ပေးရန်နှင့်၊ ငလျင်တုံ့ပြန်ရေးကာလအတွင်း

[207] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ သတင်းထောက်တစ်ဦး (KII5) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[208] သတင်းထောက်တစ်ဦး (KII5)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6)၊ ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦး (KII8) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[209] သတင်းထောက်တစ်ဦးနှင့် အင်တာဗျူး (KII5)၊ ဇွန်လ၊ ၂၀၂၅။

[210] ကော်ပိုရိတ်လူမှုရေးတာဝန်ခံတစ်ဦးနှင့် အင်တာဗျူး (KII8)၊ ဇွန်လ၊ ၂၀၂၅။

[211] သတင်းထောက်တစ်ဦး (KII1)၊ အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦး (KII6) တို့နှင့် အင်တာဗျူးများ၊ ဇွန်လ၊ ၂၀၂၅။

[212] DVB (2025), “A community-led response to the earthquake is the only answer”; Blood Money Campaign (2025), “Stop weaponization of aid”; Progressive Voice (2025), “Stop weaponization of aid”.

ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လက်ရှိစစ်ခေါင်းဆောင်များကို လိုအပ်ပါက နိုင်ငံတကာတရားရုံးများမှတဆင့်ပင် တာဝန်ယူဖြေရှင်းစေရန် အခိုင်အမာ တောင်းဆိုခဲ့ကြသည်။[213]

## ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားသော အကျပ်အတည်းကို နိဂုံးချုပ်ခြင်း

ဤအစီရင်ခံစာမှ တွေ့ရှိချက်များအရ ၂၀၂၅ ငလျင်ဘေးတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ တုံ့ပြန်ကူညီမှုကို မြန်မာစစ်တပ်က စနစ်တကျ နှောင့်ယှက်ခဲ့သည်ဟု ညွှန်ပြနေပါသည်။ ဤသည်မှာ စွမ်းရည်မပြည့်စုံသည့် ပျက်ကွက်မှုမဟုတ်ဘဲ၊ ထိန်းချုပ်မှုကို အခိုင်အမာ တည်ဆောက်ရန်နှင့် အရပ်ဘက်လွတ်လပ်ခွင့်များကို အရှိန်မြှင့်ဖိနှိပ်ရန် ရည်ရွယ်သည့် မဟာဗျူဟာတစ်ရပ် ဖြစ်သည်။ စစ်တပ်သည် *"လူမှုအသိုက်အဝန်းများမှ ခံနိုင်ရည်အား တည်ဆောက်နေစဉ် စုစည်း၍မရအောင် ခွဲခြားသည့်စည်းများ ဖန်တီးခြင်း"* ဆိုသည့် ၎င်းတို့၏ ရေရှည်နည်းလမ်းကို ပြန်လည်အသုံးပြုခဲ့သည်။[214] ယင်းနည်းလမ်းသည် အရပ်ဘက်လူ့အဖွဲ့အစည်း ပြန်လည်ပေါ်ပေါက်လာခြင်းကို တားဆီးရန် အထောက်အကူပြုခဲ့ပြီး၊ တချိန်တည်းမှာပင် လာမည့်ရွေးကောက်ပွဲမတိုင်မီ စစ်တပ်၏ တရားဝင်မှုကို မြှင့်တင်ရန် သဘာဝဘေးအန္တရာယ်ကို အသုံးချခဲ့ကာ၊ အကူအညီများကို ၎င်း၏ နိုင်ငံရေးအကျိုးစီးပွားများအတွက် လမ်းကြောင်းပြောင်းလဲစေခဲ့သည်။ [215]

စစ်တပ်၏ အရပ်ဘက်လူ့အဖွဲ့အစည်းကို ဟန့်တားခြင်းသည် လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ သွားလာလှုပ်ရှားခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်များအပြင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် ခွဲခြားဆက်ဆံခံရမှုမရှိစေရေး အခွင့်အရေးများပါဝင်သည့် အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းအထိ အကျုံးဝင်ပြီး၊ လူ့အသက်ဆုံးရှုံးနစ်နာမှုများကို ဖြစ်ပေါ်စေခဲ့သည်။ အရပ်ဘက်လူ့အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးက ပြိုကျနေသော အဆောက်အအုံတစ်ခုသို့ ဝင်ရောက်ခွင့်ပါမစ်ကို စောင့်ဆိုင်းရခြင်း၏ ဆိုးရွားသော အကျိုးဆက်များကို ပြန်ပြောင်းပြောပြခဲ့သည် - *"ပါမစ်ရဖို့ စောင့်ဆိုင်းခဲ့ရတဲ့ သုံးရက်၊ လေးရက်အတွင်းမှာ အဆောက်အအုံထဲ ပိတ်မိနေတဲ့သူတွေရဲ့ ရုပ်အလောင်းတွေက ပုပ်ပွပြီး*

---

[213] Human Rights Myanmar (2025), "Military's earthquake response: a crime against humanity?".

[214] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII6)၊ ဇွန်လ၊ ၂၀၂၅။

[215] အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အတည်ပြုပေးခဲ့သော အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန် အကူအညီကို ကုလသမဂ္ဂအေဂျင်စီများမှတဆင့် ပေးပို့ရာတွင် စစ်တပ်ကို မည်သို့ရှောင်ကွင်း၍ အရပ်ဘက်အဖွဲ့အစည်းများထံ ရောက်ရှိအောင်ဆောင်ရွက်နိုင်ပါ့မလား ဆိုသည်ကို အထူးစိုးရိမ်ပူပန်နေကြသည်။ ကိုးကား - ADB (2025), "ADB Approves $100 Million for Humanitarian Relief and Community Resilience for the People of Myanmar".

*အနှံ့ထွက်နေပြီ။"* [216] အရပ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးက *"အရပ်ဘက်အဖွဲ့အစည်းအပေါ် စစ်တပ်ရဲ့ ဖိနှိပ်မှု အကျိုးဆက်အပြည့်အစုံကို အချိန်ကြာလာပြီး ရေရှည်သက်ရောက်မှုတွေ ထင်သာမြင်သာရှိလာတာနဲ့အမျှ ပိုပြီး ရှင်းရှင်းလင်းလင်း တွေ့လာရလိမ့်မယ်"* ဟုပြောဆိုခဲ့သည်။[217]

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဘေးကို စစ်တပ်က အမြတ်ထုတ်အသုံးချခဲ့သည့် အဖြစ်အပျက်သည် စုပြုံပေါင်းစပ်နေသော အကျပ်အတည်းအမျိုးမျိုးအကြား အရပ်ဘက်လွတ်လပ်ခွင့်များမှာ မည်မျှထိခိုက်ပျက်စီးလွယ်ကြောင်း ကမ္ဘာကြီးအတွက် ပြင်းထန်သော သတိပေးချက်တစ်ရပ်လည်းဖြစ်ပါသည်။ ၎င်းသည် အရပ်ဘက်အဖွဲ့အစည်းအပေါ် ရှိရင်းစွဲဖိနှိပ်ချုပ်ချယ်မှုများကို ပိုမိုအားကောင်းမြန်ဆန်အောင် အာဏာရှင်စနစ်များက သဘာဝဘေးအန္တရာယ်ကို မည်သို့အသုံးချနိုင်ကြောင်း ဖော်ပြနေသည်။ မည်သည့်ဘေးအန္တရာယ်တွင်မဆို လူမှုအသိုက်အဝန်းများသည် စုစည်းရန်နှင့် အကူအညီပေးရန်အတွက် အခြေခံစိတ်ဆန္ဒ ရှိကြသည်။ မြန်မာစစ်တပ်က လုပ်ဆောင်သကဲ့သို့ နိုင်ငံတော်က ဤသဘာဝအလျောက်တုံ့ပြန်မှုမျိုးကို ရာဇဝတ်ပြစ်မှုမြောက်စေသောအခါ၊ သဘာဝဘေးကြောင့် လူ့အသက်များဆုံးရှုံးနစ်နာမှုကို သိသိသာသာပိုမိုကြီးထွားစေသည့် လစ်ဟာမှုတစ်ခုကို ဖန်တီးဖြစ်ပေါ်စေခဲ့သည်။

## နိုင်ငံတကာ အသိုက်အဝန်းသို့ အကြံပြုချက်များ

- ပုံသေကားကျပုံစံဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်သည့် ဒေသခံအုပ်စုများနှင့် ရပ်ရွာအခြေပြု လူထုအသိုက်ဝန်းကွန်ရက်များအပါအဝင် မြန်မာ့အရပ်ဘက်အဖွဲ့အစည်းကို တိုင်ပင်ဆွေးနွေးရန်၊ အသိအမှတ်ပြုရန်နှင့် တိုက်ရိုက်ရန်ပုံငွေ ထောက်ပံ့ရန် စဉ်းစားသင့်သည်။ အလှူရှင်များသည် တင်းကျပ်ခေါင်းမာလွန်းသော စည်းမျဉ်းမူဘောင်များကို ကျော်လွန်ပြီး အခြေအနေနှင့်လိုက်လျောညီထွေရှိသော တာဝန်ခံမှုကို လက်ခံကျင့်သုံးကာ၊ ထိုအရပ်ဘက်အဖွဲ့အစည်းများထံ ရောက်ရှိနိုင်မည့် ပြောင်းလွယ်ပြင်လွယ်ရှိသော၊ မြန်ဆန်သော တိုက်ရိုက်ရန်ပုံငွေ ထောက်ပံ့ရေးစနစ်များကို ဖန်တီးသင့်သည်။
- အရပ်ဘက်အဖွဲ့အစည်းများ ဝင်ရောက်ခွင့်ကို အဟန့်အတားမရှိ ဖြစ်စေရန်နှင့် ကန့်သတ်ချုပ်ချယ်သော ဥပဒေများကို ရုပ်သိမ်းရန် အတွက် စည်းရုံးလှုံ့ဆော်တောင်းဆိုပါ။[218] နိုင်ငံတကာ

[216]အရပ်ဘက်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII9)၊ ဇွန်လ၊ ၂၀၂၅။

[217] အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး (KII2)၊ ဇွန်လ၊ ၂၀၂၅။

[218] စည်းရုံးလှုံ့ဆော်မှုသည် *လက်တွေ့အသိအမှတ်ပြုခြင်း* (*de facto* recognition) နှင့် မတူညီပါ။ ဤအစီရင်ခံစာသည် စစ်တပ်အား ၎င်း၏ နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများအောက်တွင် တာဝန်ခံမှုရှိစေရန်အတွက် လက်တွေ့ကျသော လိုအပ်သည့် ထိတွေ့ဆက်ဆံမှုကို ပြုလုပ်ရန် တိုက်တွန်းသော်လည်း၊ မည်သည့်စည်းရုံးလှုံ့ဆော်မှုကမျှ ယင်းတို့အား တရားဝင်မှုကို မပေးအပ်ရပါ။ စစ်အစိုးရခေါင်းဆောင်များကို တရားဝင် နိုင်ငံတော်ရာထူးအမည်များ အသုံးပြုခေါ်ဝေါ်ခြင်း၊ သို့မဟုတ်

အသိုင်းအဝိုင်းသည် စစ်တပ်မှ ကူညီကယ်ဆယ်ရေးများအား ဟန့်တားခြင်း၊ ကိုယ်ကျိုးအတွက် အသုံးချခြင်းလုပ်ရပ်တို့ကို ရပ်တန့်သွားစေရန်နှင့် အခြေခံလူ့အခွင့်အရေးများကို လေးစားလာစေရန်အတွက် နိုင်ငံတကာအသိုင်းဝိုင်းအချင်းချင်းကြား ညှိနှိုင်းဆောင်ရွက်ထားသည့် ခိုင်မာသော ဖိအားကို ချမှတ်ရမည်။ နိုင်ငံတကာမှပါဝင်ပတ်သတ်သူများသည် စစ်တပ်၏ အကူအညီပိတ်ဆို့မှုများကို လူသိရှင်ကြား ပြစ်တင်ရှုတ်ချသင့်ပြီး၊ ၂၀၂၂ အသင်းအဖွဲ့ဥပဒေ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းလုပ်ငန်းများကို ရာဇဝတ်မှုမြောက်စေသော၊ ဟန့်တားနှောင့်ယှက်နေသော အခြားအမိန့်များကိုလည် ရုပ်သိမ်းရန်အတွက် စုပေါင်းထောက်ခံတောင်းဆိုသင့်သည်။

- အရပ်ဘက်အဖွဲ့အစည်း၏ ခံနိုင်ရည်နှင့် လုံခြုံရေးအတွက် ရင်းနှီးမြှုပ်နှံပါ။ ဒေသခံကူညီကယ်ဆယ်ရေးသမားများသည် အလွန်အမင်း အန္တရာယ်ကြီးမားသော ပတ်ဝန်းကျင်တွင်လည်ပတ်လုပ်ကိုင်နေကြရသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုကို ထောက်ပံ့ရန်အတွက် ဂရုစိုက်ရမည့် တာဝန်ရှိသည်။ ၎င်းတွင် ဒစ်ဂျစ်တယ်နှင့်ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးသင်တန်းများအတွက် ရန်ပုံငွေထောက်ပံ့ခြင်း၊ ဖမ်းဆီးခံရသူများအတွက် အရေးပေါ် ဥပဒေအကူအညီရန်ပုံငွေများ ထူထောင်ပေးခြင်း၊ ဆေးဘက်ဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခြင်းနှင့် ၎င်းတို့ရင်ဆိုင်နေရသော ကြီးမားသည့် စိတ်ဒဏ်ရာများကို ဖြေရှင်းပေးနိုင်ရန် လူမှုစိတ်ပိုင်းဆိုင်ရာအစီအစဉ်များကို ထောက်ပံ့ပေးခြင်းတို့ ပါဝင်သည်။

---

အချို့သောပါဝင်ပတ်သတ်သူများ လုပ်ဆောင်သကဲ့သို့ နားလည်မှုစာချွန်လွှာများ (MOUs) လက်မှတ်ရေးထိုးခြင်းသည် *လက်တွေ့အသိအမှတ်ပြုခြင်း* (*de facto* recognition) ပုံစံအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။